ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 5 August 2017 (၉၀၀၇)

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

## ဩဂုတ် ၅ ရက်တွင် ကျောက်မျက် ၃၂၆ တွဲ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်

**နေပြည်တော် ဩဂုတ် ၄**

(၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းခန်းမအတွင်း မြေညီထပ်၌ ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာ အရောင်းဆိုင်များ၊ အပေါ်ထပ်၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျောက်မျက်ရတနာပြပွဲတွင် ကျောက်အတွဲများ၏ အခြေခံဈေးသတ်မှတ်ချက်အနေဖြင့် ကျောက်မျက်အတွဲ အခြေခံဈေး ယူရို ၅၀၀ နှင့်အထက်၊ ကျောက်စိမ်းရိုင်းအတွဲ အခြေခံဈေးယူရို ၄၀၀၀ နှင့်အထက်၊ ကျောက်စိမ်းအချောထည်အတွဲ အခြေခံဈေး ယူရို ၁၀၀၀ နှင့်အထက်တို့ကို တင်ပြရောင်းချမည်ဖြစ်သည်။

ပြပွဲအစီအစဉ်အနေဖြင့် ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ဩဂုတ် ၅ ရက်တွင် ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကိုလည်းကောင်း၊ ဩဂုတ် ၂ ရက်မှ ၅ ရက်အထိ ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ဩဂုတ် ၆ ရက်မှ ၁၁ ရက်အထိ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ၌ ဩဂုတ် ၅ ရက်တွင် ကျောက်မျက် ၃၂၆ တွဲ၊ ဩဂုတ် ၆ ရက်မှ ၁၁ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၆၅၆၁ တွဲ စုစုပေါင်း ကျောက်စိမ်း၊ ကျောက်မျက် ၆၈၈၇ တွဲကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကျောက်မျက်ကုန်သည်များ ကြည့်ရှုကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ကွန်မြူနစ်ပါတီနိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ကွန်မြူနစ်ပါတီနိုင်ငံတကာဆက်ဆံရေးဝန်ကြီးတို့ တွေ့ဆုံ

## မြန်မာ-တရုတ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ လက်ခံတွေ့ဆုံသည်။**

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❂

**ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေသစ် ရေးဆွဲလျက်ရှိ**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

**ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များကို ပြည်သူများ အသိပညာဗဟုသုတရှာမှီးရာနေရာများ ဖြစ်လာရန် ကြိုးစားစီစဉ်ဆောင်ရွက်လျက်ရှိ**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

**ကမ္ဘာ့ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်**

စာမျက်နှာ » ၄



HOT LINE : Yangon - 09 455533667, 01-556622, 09-73119900, 01-398566, 398563, Mandalay - 02-72580-4, Nay Pyi Taw - 067-420791, 420966
TMW Enterprise Limited

ကြေးမုံ

# တီထွင်ဖန်တီးမှုနှင့် မူပိုင်အခွင့်အရေး

တီထွင်ဖန်တီးမှုနှင့် မူပိုင်အခွင့်အရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အထူးအရေးကြီးပါသည်။ နိုင်ငံတကာတွင် တီထွင်ဖန်တီးမှုကို ဦးစားပေးပြီး ထိုတီထွင်ဖန်တီးမှု၏ မူပိုင်အခွင့်အရေးကို အလေးထားပါသည်။ နိုင်ငံတွင် တီထွင်ဖန်တီးမှုများ ပေါ်ထွက်လေ ထိုနိုင်ငံလည်း တိုးတက်လေဖြစ်သည်။ သို့သော် ထိုတီထွင်ဖန်တီးမှုအပေါ် တန်ဖိုးထားမှု၊ အာမခံနိုင်မှု၊ အကျိုးအမြတ်ဖြစ်ထွန်းမှု ရှိဖို့လိုပါသည်။

မြန်မာနိုင်ငံတွင် တီထွင်ဖန်တီးမှုများနှင့် အဆိုပါတီထွင်ဖန်တီးမှုများအတွက် မူပိုင်ခွင့် အခွင့်အရေးများ လိုအပ်နေပါသည်။ ထုတ်ကုန်ပစ္စည်းများတွင် ကိုယ်ပိုင်တီထွင်မှုနည်းပါးပြီး ပြည်ပနိုင်ငံများမှ ထုတ်လုပ်ပြီးသား ကုန်ပစ္စည်းများကိုသာ အားကိုးကြသည်ကများပါသည်။ ထို့ကြောင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ တီထွင်ဖန်တီးမှုအကြီး၊ အသေး များများပေါ်ထွက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သလို တီထွင်ဖန်တီးခဲ့သော ကြိုးပမ်းအားထုတ်မှုများအတွက် အကျိုးရလဒ်ကောင်းကောင်းရရန်လည်း လိုအပ်ပါသည်။

ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပထမဦးဆုံးပြုလုပ်မှုကို တီထွင်ဖန်တီးမှုဟုခေါ်ပါသည်။ ထိုတီထွင်ဖန်တီးမှုကို ထပ်မံပြုလုပ်ခြင်းအား တုပခြင်းဟုခေါ်ပါသည်။ ထိုသို့ တုပခြင်းမပြုလုပ်နိုင်အောင် ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးလိုအပ်လာပါသည်။ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးခိုင်ခိုင်မာမာမရှိသေးဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် တီထွင်ဖန်တီးမှုလည်း ခိုင်မာအားကောင်းခြင်းမရှိသေးဟု ဆိုနိုင်ပါသည်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် စာပေနှင့် အနုပညာတီထွင်ဖန်တီးမှုများ ရှိသော်လည်း အခြားထုတ်ကုန်ပစ္စည်းများ အထူးသဖြင့် စက်မှုပိုင်းဆိုင်ရာတို့တွင် အားနည်းနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအားနည်းချက်ကို ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့် ဥပဒေများကို ခိုင်မာစွာပြဋ္ဌာန်း အကောင်အထည်ဖော်ရန် လိုအပ်သည့်အပြင် တီထွင်ဖန်တီးမှုများ တိုးတက်များပြားလာရန် အားပေးကူညီမှုနှင့် ထောက်ပံ့ဖြည့်ဆည်းပေးမှုများလည်း လိုအပ်မည်ဖြစ်သည်။

ယခုအခါ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကို ရေးဆွဲဆောင်ရွက်နေပြီး အဆိုပါဥပဒေကို အတည်ပြုပြီးနောက် ထိရောက်စွာအကောင်အထည်ဖော်နိုင်ပါက နိုင်ငံအတွက် အကျိုးရလဒ်ကောင်းများစွာ ပေါ်ထွက်နိုင်ပေသည်။ မြန်မာနိုင်ငံတွင် တီထွင်ဖန်တီးနိုင်သော အတတ်ပညာရှင်များများစွာရှိသော်လည်း တီထွင်ဖန်တီးနိုင်သော အခွင့်အရေး၊ အကျိုးရလဒ်နှင့် အာမခံချက်များ ခိုင်ခိုင်မာမာမရှိသေးသောကြောင့် သူတစ်ပါးပစ္စည်းများကို အားကိုးခြင်း၊ တုပခြင်းများသာ ပြုလုပ်နိုင်သေးသည်။

စက်မှုဒီဇိုင်းအသစ်တစ်ခုကို ကုန်ပစ္စည်းထုတ်လုပ်သူများက တန်ဖိုးကြီးကြီးမားမားပေးကာ ဝယ်ယူတတ်ကြသည်များရှိသလို ကမ္ဘာပေါ်ရှိကြီးမားသော ကုမ္ပဏီလုပ်ငန်းများအနေဖြင့် တီထွင်ဖန်တီးသူများကို တန်ဖိုးထား ပျိုးထောင်ထားကြသည်။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံတွင် သက်ဆိုင်ရာအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများ၌ စက်မှုဒီဇိုင်းများကို ခင်းကျင်းပြသလေ့ရှိရာ တီထွင်ဖန်တီးသူရော ကုန်ပစ္စည်းထုတ်လုပ်သူပါ အကျိုးအမြတ်ဖြစ်ထွန်းစေပြီး အဆိုပါအခွင့်အရေးရရှိအောင် ပံ့ပိုးကူညီပေးနေသည်ကိုတွေ့ရသည်။

တီထွင်ဖန်တီးခြင်းသည် အကျိုးအမြတ်ဖြစ်ထွန်းမှုကို ဖြစ်စေသလို သတ်မှတ်ကာလအတွင်း တုပခြင်းခံရပါကလည်း ဆုံးရှုံးနစ်နာခြင်းများစွာ ဖြစ်ပေါ်စေပေသည်။ မြန်မာနိုင်ငံတွင် စာပေနှင့် အနုပညာပစ္စည်းမူပိုင်ခွင့်များကို ချိုးဖောက်ခံနေရဆဲဖြစ်သောကြောင့် စာပေနှင့် အနုပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများစွာ ဖြစ်ပေါ်စေပေသည်။

သို့ဖြစ်ရာ တီထွင်ဖန်တီးမှုများအားလုံးအတွက် မူပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့် အခွင့်အရေးများကို အလေးထားဆောင်ရွက်ပေးနေသည်ကို ကြိုဆိုရမည်ဖြစ်သလို တီထွင်ဖန်တီးထုတ်လုပ်နိုင်အောင်လည်း ဝိုင်းဝန်းကူညီအားပေးကာ မြေတောင်မြှောက်ပေးဖို့လည်း လိုအပ်ပါကြောင်း။ ။

## ဆင်များထိန်းသိမ်းစောင့်ရှောက်ခြင်းသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) နန်းချွန်တွင် ဆင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်ထုတ်ခြင်းပညာရပ် (ဆင်အုပ်၊ ဆင်ခေါင်း) မွမ်းမံသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မန်နေဂျာ (အင်ဂျင်နီယာ)၊ ဆွာအခြေစိုက်အလုပ်ရုံ လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) နန်းချွန်မှ ကျောင်းအုပ်ကြီး၊ လက်ထောက်အထွေထွေမန်နေဂျာ (စီမံကိန်း) ဦးခင်မောင်တင်၊ သင်တန်းမှူးများနှင့် သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်ဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**

ဇမ္ဗူသီရိမြို့နယ် အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးဝင်းဇော်က အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်မြထွေးက ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန် သိကောင်းစရာများ၊ ကြက်၊ ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ တစ်နေ့တာ နေထိုင်၊ စားသောက် လှုပ်ရှားမှုဆိုင်ရာများ အသိပညာပေးဟောပြောပြီး ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ လက်ဆေးခြင်းနည်းကို လက်တွေ့သရုပ်ပြကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျန်းမာရေးမှူး၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးပြီး ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ H1N1 ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအပြင် ကျောင်းကျန်းမာရေးလုပ်ငန်းများကိုလည်း သတ်မှတ်ရက်များအတိုင်း အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သန့်မောင်)**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာဦးကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(စီမံ) ပါမောက္ခ ဒေါက်တာဒေါ်ခေမာမြကို ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်(ရွှေဈေး) ၉၀၅၅၀၀ - ၉၀၅၅၀၀ မန္တလေး(ရွှေဈေး) ၉၀၅၅၀၀ - ၉၀၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၅/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀/၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၇. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၉၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၄၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၈၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၇၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၂. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဆွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ
themirror.npt@gmail.com
www.facebook.com/themirrordaily

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် သပိတ်မှောက်ပွဲများပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ သပိတ်မှောက်မှုတွင် ပါဝင်သည့် ဦးဆောင်သံဃာတော်များအား သက်ဆိုင်ရာတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဆရာတော်များက သပိတ်စခန်းများ ဖယ်ရှားရေး ဩဝါဒပေး

**နေပြည်တော် ဩဂုတ် ၄**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးနှင့် မန္တလေးမြို့ မဟာမုနိဘုရားကြီး နယ်မြေတို့တွင် ဩဂုတ် ၂ ရက်က သပိတ်မှောက်ပွဲများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များနှင့် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များက သပိတ်မှောက်မှုတွင် ပါဝင်သည့် ဦးဆောင်သံဃာတော်များအား သပိတ်စခန်းများ ဖယ်ရှားရန် ယနေ့တွင် ဩဝါဒပေးခဲ့ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သံဃနာယကအဖွဲ့များထံမှ သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးနယ်မြေ အနောက် ၄၅ တာ၊ သာသနာ ၂၅၀၀ ဗိမာန်ဝင်းအတွင်း၌ ဩဂုတ် ၂ ရက်တွင် ဘုန်းကြီး ၁၅ ပါးခန့်နှင့် လူပုဂ္ဂိုလ် ၅၀ ခန့်တို့ သပိတ်မှောက်မှုနှင့် ပတ်သက်၍ ဦးဆောင်ပါဝင်ခဲ့သော ဦးအဂ္ဂဇေ (တောင်သာလေး ဆရာတော်၊ အောင်သာကျောင်း၊ မိတ္ထီလာမြို့)နှင့် ဦးစန္ဒာသီရိ(မမ္မရက္ခိတကျောင်း၊ ပုသိမ်ကြီးမြို့နယ်)တို့အား မဟာမုနိဘုရားကြီးနယ်မြေအတွင်း၌ သံဃာတော်အချို့ ဦးဆောင်၍ သပိတ်စခန်းဖွင့်လှစ်နေခြင်းကိစ္စနှင့် စပ်လျဉ်းပြီး ဩဂုတ် ၃ ရက်တွင် ကျင်းပသော သတ္တမအကြိမ် တိုင်းဒေသကြီး/ မြို့နယ် သံဃနာယကအဖွဲ့ ညှိနှိုင်းအစည်းအဝေးက ယင်းကိစ္စသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ညွှန်ကြားထားသည့် ညွှန်ကြားလွှာ အမှတ်(၈၃)ကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်၍ အလျင်အမြန် ဖယ်ရှားသွားရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်အရ သပိတ်စခန်းဖွင့်လှစ်နေခြင်းသည် ကျင့်ထုံးဥပဒေများနှင့် ဆန့်ကျင်နေသဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်၍ ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲ အလျင်အမြန် ဖယ်ရှားသွားကြရန် ဩဝါဒပေးခဲ့ကြောင်း။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရား၌ ဩဂုတ် ၂ ရက်တွင် ဘုန်းကြီး ၁၀ ပါးနှင့် လူပုဂ္ဂိုလ် ၃၅ ဦးတို့ သပိတ်မှောက်မှုနှင့် ပတ်သက်၍ အဆိုပါ သပိတ်မှောက်မှုတွင် ဦးဆောင်ပါဝင်ခဲ့သော ဦးပညာဝံသနှင့် ဦးကုသလ (ဦးသာသနကျောင်း၊ ဗဟန်းမြို့နယ်)၊ ဦးဝိစိတ္တ (ပြည်တော်အေးကျောင်း၊ မအူပင်မြို့)၊ ဦးပညာသာရာဇောတိ(တလုပ်ပင်ကျောင်း၊ မအူပင်မြို့)တို့အား ဆန္ဒထုတ်ဖော်ရေးအဖွဲ့ ဦးဆောင်သံဃာတော်များအနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများနှင့် ငြိစွန်းနေသောကြောင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်နိုင်သဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားလွှာ အမှတ် (၅၆၊ ၈၁၊ ၈၃၊ ၈၅၊ ၉၁၊ ၉၃) တို့အရ သပိတ်စခန်း ဖွင့်လှစ်ထားသော အဖွဲ့များတွင် သံဃာတော်များ ပါဝင်ခြင်းမပြုရန်၊ သပိတ်စခန်းများ ဖယ်ရှား၊ ရုပ်သိမ်းပေးရန် ဩဝါဒပေးခဲ့ကြောင်း သိရသည်။

သပိတ်မှောက်မှုတွင် ပါဝင်သည့် ဦးဆောင်သံဃာတော်များအား ဩဂုတ် ၂ ရက်ကလည်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့တို့က သပိတ်စခန်းများ ဖယ်ရှားရန် ဩဝါဒပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ✪ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

## ○ ဆီးဂိမ်းယှဉ်ပြိုင်မည့်မှ

မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိပြီး လက်ရှိတွင် ပဏာမကစားသမား၁၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ ဦးဌေးမြင့်သည် ၂၀၁၆ အာဆီယံ ဖူဆယ်အမျိုးသားပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းကို ဒုတိယနေရာရအောင် စွမ်းဆောင်ပေးခဲ့သည့်နည်းပြဖြစ်ပြီး မြန်မာနည်းပြများတွင် အအောင်မြင်ဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ထားကာ ယာယီကိုင်တွယ်ရာတွင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် အီရန်နိုင်ငံသား ရီဇာက ကိုင်တွယ်လျက်ရှိပြီး ၁၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ ယင်းနှစ်သင်းစလုံးသည် ဆီးဂိမ်းပြိုင်ပွဲအတွက်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။ ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံးတွင် မြန်မာ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့်ကျင်းပကာ ရမှတ်အပေါ်မူတည်၍ ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများညီလာခံ ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်က စီစဉ်ကျင်းပသည့် (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ ညီလာခံ [6th Asean Economic Community (AEC)+ 8Gems & Jewellery President's Summit] ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ ကျင်းပသည်။




အခမ်းအနားတွင် (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ ညီလာခံကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းတို့ဖြင့် ဖွင့်လှစ်ကြသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယနေ့ကျင်းပသည့် Summit သည် အာဆီယံနိုင်ငံများရှိ ကျောက်မျက်ရတနာလုပ်ငန်းကဏ္ဍ ထုတ်လုပ်ရောင်းချမှုကဏ္ဍများတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး ကုန်သွယ်မှုနှင့် ထုတ်လုပ်ရောင်းချမှုကဏ္ဍကို အားပေးမြှင့်တင်ရန်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံကို တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှု အခြေခံဒေသအဖြစ် ထူထောင်ရာတွင် စီးပွားရေးညှိနှိုင်းမှုများ အကောင်အထည်ဖော်မှု၊ ယန္တရားအသစ်များ ချမှတ်ဆောင်ရွက်သွားမှုများနှင့်အညီ ဒေသတွင်းပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ စွမ်းရည်မြင့်မားရေး၊ စံချိန်စံညွှန်း နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းလွယ်ကူ၍ တူညီမှုရှိစေရေးဖြစ်ကြောင်း၊ အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှု ရည်မှန်းချက်နှင့်အညီ ထုတ်လုပ်ရောင်းဝယ်လုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် AEC ၏ Single Market ဈေးကွက်ကြီးအတွက် အဓိကမဏ္ဍိုင်ကြီးအဖြစ် အလားအလာကောင်းများ ဖြစ်လာရန်အတွက်လည်း ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါကြောင်း။

ကျောက်မျက်ရတနာလုပ်ငန်းသည် နိုင်ငံတော်၏ ပို့ကုန်မြှင့်တင်မှု ရည်မှန်းချက်ကို အထောက်အပံ့ပေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် လုပ်ငန်းများ ယခုထက်ပိုမို အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန် ပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ဈေးကွက်အခြေအနေများကို လေ့လာခြင်းနှင့် ပြည်ပပို့ကုန်ပမာဏ တိုးမြှင့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းစဉ်အားလုံး တိုးတက်အောင်မြင်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ရပ်မှ “စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသအတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်”ဟု ပါရှိပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာများ ပြည်တွင်းဈေးကွက်တွင်သာမက အာဆီယံဒေသတွင်းနှင့် အခြားမိတ်ဖက်နိုင်ငံများအတွင်း ဈေးကွက်များ ရရှိနိုင်အောင် ဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

ကျောက်မျက်ရတနာများ ရောင်းချခြင်းမှ မြန်မာနိုင်ငံအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိနိုင်ရန်၊ နိုင်ငံတော်၏သယံဇာတဖြစ်သည့် ပတ္တမြားနှင့် ကျောက်စိမ်းအပါအဝင် ကျောက်မျက်ရတနာများဈေးနှုန်း မှန်ကန်စွာရရှိစေရန် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း၊ ပြည်တွင်းသာမက အာဆီယံနိုင်ငံများ၌ ပြုလုပ်သည့် ကုန်စည်ပြပွဲများနှင့် ရောင်းချပွဲများတွင် မြန်မာနိုင်ငံက ထွက်ရှိသည့် ပတ္တမြားနှင့် ကျောက်စိမ်းအပါအဝင် အခြားကျောက်မျက်နှင့် လက်ဝတ်ရတနာများကို ခင်းကျင်းပြသရောင်းချနိုင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခု Summitသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှ လုပ်ငန်းရှင်ကြီးများကို မိမိတို့နိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူက ယခု Summit ကို ကျင်းပနိုင်သည့်အတွက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၊ ကျောက်မျက်ရတနာအသင်းအဖွဲ့များနှင့် ကျောက်မျက်လုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် ကျယ်ပြန့်သောကျောက်မျက်ရတနာဈေးကွက်ကြီး ပေါ်ထွန်းမည်ဟုယုံကြည်ပါကြောင်း၊ ထို့ပြင် နည်းပညာမျှဝေဖလှယ်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကျောက်မျက်ရတနာကဏ္ဍအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်နိုင်မည်ဟုယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာထွက်ရှိရာဒေသများ၊ ကျောက်မျက်ရတနာ တူးဖော်ရရှိမှုအခြေအနေနှင့် ကျောက်မျက်ရတနာပြပွဲများကျင်းပခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဝင်းက (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ ညီလာခံကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ ညီလာခံသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကျောက်မျက်ရတနာအသင်းများမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများ၏ ကျောက်မျက်ရတနာအသင်းများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများသည် အာဆီယံနိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများအကြား ကျောက်မျက်ရတနာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာကဏ္ဍအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးကြသည်။

(၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ ညီလာခံအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးပြီး ပြည်တွင်း၊ ပြည်ပဧည့်သည်များ ဝယ်ယူကြည့်ရှုလေ့လာနိုင်ရန်အတွက် ကျောက်မျက်ရတနာ အရောင်းဆိုင်များကို MICC-2 မြေညီထပ်၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ ညီလာခံပထမ၊ ဒုတိယ၊ တတိယအကြိမ်ကို ထိုင်းနိုင်ငံ၌လည်းကောင်း၊ စတုတ္ထအကြိမ်ကို မလေးရှားနိုင်ငံ၌လည်းကောင်း၊ ပဉ္စမအကြိမ်ကို ဗီယက်နမ်နိုင်ငံ၌လည်းကောင်းကျင်းပနိုင်ခဲ့ပြီး ဆဋ္ဌမအကြိမ်ကို မြန်မာနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ သတ္တမအကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ရှစ်နိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများ ညီလာခံကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ဒုတိယအကြီးဆုံးရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်

**ဝူဟန် ဩဂုတ် ၄**

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၃ ရက်တွင် စတင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယန်စီမြစ် အထက်ပိုင်းဒေသမှ ယူနန်နှင့်ဆီချွမ်နှစ်ပြည်နယ်တို့ကို ခွလျက်တည်ရှိသော ကျင်ရှားမြစ်ပေါ်တွင် အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ခြင်းဖြစ်ပြီး စက်ရုံတည်ဆောက်ရေးလုပ်ငန်းကို ဘိုင်ဟီတန်စီမံကိန်းဟု အမည်ပေးထားသည်။

အဆိုပါ စက်ရုံ၏ အင်အားဖြည့်စက်တပ်ဆင်မှုပြီးစီးပါက လျှပ်စစ်ဓာတ်အားပမာဏ ကီလိုဝပ် ၁၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားပမာဏ ကီလိုဝပ်နာရီ သန်းထောင်ပေါင်း ၆၀ နှစ်စဉ်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။ ယင်းလျှပ်စစ်ဓာတ်အားပမာဏမှာ ၂၀၁၅ ခုနှစ်အတွင်း ပေကျင်းမြို့မှ သုံးစွဲသော လျှပ်စစ်ဓာတ်အားပမာဏ၏ သုံးပုံနှစ်ပုံဖြစ်သည်။

၂၀၂၀ ခုနှစ်တွင် အဆိုပါစက်ရုံမှ လျှပ်စစ်ဓာတ်အားစတင်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်အကုန်တွင် အပြည့်အဝလည်ပတ်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်သည်။

ကျင်ရှားမြစ်၌ အမြင့်မီတာ ၃၀၀ ရှိတမံတည်ဆောက်၍ ယင်းမြစ်၏ မြစ်ဝှမ်းဧရိယာ ၉၁ ရာခိုင်နှုန်းဖြစ်သော စတုရန်းကီလိုမီတာ ၄၃၀၀၀၀ အား စက်ရုံစီမံကိန်းအတွက် အသုံးပြုမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းအကောင်အထည်ဖော်မှုကြောင့် ယူနန်နှင့် ဆီချွမ်ပြည်နယ်များမှ ဒေသခံ ၁၀၀၀၀၀ ကျော်ကို နေရာရွှေ့ပြောင်းပေးရမည်ဖြစ်သည်။

ဘိုင်ဟီတန်စီမံကိန်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလေးရုံပါဝင်ပြီး ကျင်ရှားမြစ်၏ အကြေပိုင်းအစွန်တွင် ဝူဒေါင်ဒီ ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ဆဲဖြစ်သည်။

ယင်းစီမံကိန်းတွင်ပါရှိသော ရှီလောင်ဒူးနှင့် ရှီကျန်ဂျီဘာရေအားလျှပ်စစ်စက်ရုံများမှာ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် စတင်လည်ပတ်ခဲ့ကြသည်။

ယင်းစီမံကိန်းပါ ရေအားလျှပ်စစ်စက်ရုံလေးရုံစလုံးလည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၄၆ သန်းထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်ပြီး တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းထောင်ပေါင်း ၁၉၀ ခန့်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ယင်းပမာဏမှာ ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည့် မြစ်ကျဉ်းသုံးသွယ် ရေအားလျှပ်စစ်စက်ရုံ၏ ထုတ်လုပ်မှု ပမာဏ၏နှစ်ဆဖြစ်သည်။

**ဆင်ဟွာ။**





# ဗီယက်နမ်မြောက်ပိုင်း၌ ရုတ်တရက်ရေလွှမ်းမိုး ကိုးဦးသေဆုံး၊ ၂၄ ဦးပျောက်ဆုံး

**ဟန္နိုင်း ဩဂုတ် ၄**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ တောင်ထူထပ်သောပြည်နယ်သုံးခု၌ လွန်ခဲ့သည့်သုံးရက်တာကာလအတွင်း ရုတ်တရက်ရေလွှမ်းမိုးမှုဖြစ်ပွားရာ ဒေသခံပြည်သူကိုးဦးသေဆုံးရပြီး ၂၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုကော်မတီက ဩဂုတ် ၄ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရေလွှမ်းမှုကြောင့် ဒဏ်ရာရရှိသူ ဒေသခံ ၁၂ ဦးရှိပြီး နေအိမ်အလုံးပေါင်း ၂၀၀ ခန့် ရေမြုပ်ခဲ့ရကြောင်း၊ ဆည်မြောင်းတာတမံ ၁၄၄ခု၊ အဝေးပြေးလမ်းမများနှင့် ကောက်ပဲသီးနှံစိုက်ခင်းများ ဟက်တာ ရာပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း၊ ဆုံးရှုံးမှုတန်ဖိုး ဗီယက်နမ်ငွေဒေါင် ၅၃၈ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈ သန်းခန့်)ရှိကြောင်း အဆိုပါကော်မတီက ထုတ်ပြန်ကြေညာသည်။

သေဆုံးခဲ့သည့် ဒေသခံကိုးဦးအနက် ခြောက်ဦးမှာ ဆွန်လာပြည်နယ်မှဖြစ်ပြီး ယန်ဘေးပြည်နယ်တွင် နှစ်ဦး၊ လိုင်ချောပြည်နယ်တွင် တစ်ဦးသေဆုံးခဲ့ရသည်။ ဩဂုတ် ၄ ရက်အထိ ယန်ဘေးပြည်နယ်မှ ၁၂ ဦး၊ ဆွန်လာပြည်နယ်မှ ၁၀ ဦးနှင့် လိုင်ချောပြည်နယ်မှ နှစ်ဦးတို့ ပျောက်ဆုံးလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ပထမခုနစ်လတာကာလအတွင်း လေမုန်တိုင်းများနှင့် ရေကြီးမှုများကြောင့် ၇၅ ဦးသေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရသူ ၇၇ ဦးရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

# အိန္ဒိယတပ်ဖွဲ့များ ချက်ချင်းရုပ်သိမ်းပေးရန် တရုတ်ကာကွယ်ရေးဝန်ကြီးဌာနတိုက်တွန်း

**ပေကျင်း ဩဂုတ် ၄**

နှစ်နိုင်ငံနယ်ခြားဒေသရှိ အိန္ဒိယပိုင်နယ်မြေဘက်သို့ အိန္ဒိယတပ်ဖွဲ့များ ချက်ချင်းရုပ်သိမ်းပေးရန် တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ဩဂုတ် ၃ ရက်ညက ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ အထက်ပါအတိုင်း တိုက်တွန်းထားခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရန်ကောင်းယန်က ပြောကြားသည်။

နှစ်နိုင်ငံနယ်စပ်ဒေသ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းနိုင်စေရေးအတွက် ဖြစ်ပေါ်နေသော အခြေအနေနှင့်ပတ်သက်၍ အိန္ဒိယအနေဖြင့် တော်တည့်မှန်ကန်စွာ ကိုင်တွယ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နယ်စပ်ဖြစ်စဉ်ပေါ်ပေါက်ခဲ့ပြီးနောက် တရုတ်နိုင်ငံက အိန္ဒိယနှင့် သံတမန်ရေးလမ်းကြောင်းများအရ အဆက်အသွယ်ပြုလုပ်ခဲ့ပြီး သိမ်မွေ့စွာ ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်တပ်မတော်က နှစ်နိုင်ငံဆက်ဆံရေးမထိခိုက်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ပြီး ဒေသဆိုင်ရာ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမပျက်ပြားစေရန် ဆောင်ရွက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**



# (၂၄)ကြိမ်မြောက် အာဆီယံဒေသတွင်းဆိုင်ရာ လုံခြုံရေးဖိုရမ် ဩဂုတ် ၇ ရက်တွင် ကျင်းပမည်

**မနီလာ ဩဂုတ် ၄**

(၂၄)ကြိမ်မြောက် အာဆီယံဒေသတွင်းဆိုင်ရာ လုံခြုံရေးဖိုရမ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းချက်များကို အလေးထားလိုက်နာရန် မြောက်ကိုရီးယားနိုင်ငံအား ဒေသတွင်းဆိုင်ရာ နိုင်ငံများက တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဩဂုတ် ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံဒေသတွင်းဆိုင်ရာ လုံခြုံရေးဖိုရမ်တွင် ဒေသတွင်းဖြစ်ပေါ်လျက်ရှိသည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အမေရိကန်၊ တရုတ်၊ ရုရှား၊ ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြမည်ဖြစ်သည်။

ဖိုရမ်တွင် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် မကြာသေးမီကာလက တာဝေးပစ်ပဲ့ထိန်းဒုံးကျည်များ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည့်အပြင် နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်ကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဖိုရမ်တွင်ဆွေးနွေးမည့် အကြောင်းအရာများတွင် မြောက်ကိုရီးယားနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်ကို လေးစားလိုက်နာရန်နှင့် သက်ဆိုင်ရာ နိုင်ငံအသီးသီးနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် တိုက်တွန်းပြောကြားချက်များ ပါရှိသည်။ ထို့ပြင် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက ပြုံယမ်းအား ဖိအားများပိုမိုပေးရန် စီစဉ်လျက်ရှိနေစဉ် ရုရှားနှင့် တရုတ်နိုင်ငံတို့က အပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

ဖိုရမ်တွင် ပြုံယမ်းအနေဖြင့် မည်သို့ပြန်လည်တုံ့ပြန် ပြောကြားမလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေသစ်ရေးဆွဲလျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးသည့်အချိန်မှစ၍ ယနေ့အထိ တရားဝင်ခွင့်ပြုချက်ရယူပြီး ဆန္ဒဖော်ထုတ်မှု စုစုပေါင်း ၃၀၇၄ ကြိမ်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးသည့်အချိန်မှစ၍ ယနေ့အထိ တရားဝင်ခွင့်ပြုချက်ရယူပြီး ဆန္ဒဖော်ထုတ်မှုမှာ ၂၀၁၂ ခုနှစ်တွင် (၁၃၁)ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၄၄၃)ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် (၈၄၈)ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် (၇၀၇)ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် (၅၇၃)ကြိမ်၊ ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိ (၃၇၂)ကြိမ် စုစုပေါင်း (၃၀၇၄)ကြိမ်ရှိပါကြောင်း ပြောကြားခဲ့သည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏**(ငြိမ်း၊ စု၊ စီ) ဥပဒေပြဋ္ဌာန်းပြီးနောက် ယခုအချိန်ထိ တစ်နိုင်ငံလုံး တရားဝင်ဆန္ဒထုတ်ဖော်မှုပေါင်း မည်မျှရှိပါသနည်း။ ဆန္ဒထုတ်ဖော်မှုတစ်ခု ဖြစ်ပေါ်လာပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူ အဖွဲ့အစည်းများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် မည်သို့အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ဒုတိယဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဆန္ဒဖော်ထုတ်မှုများနှင့်စပ်လျဉ်း၍ ၎င်းတို့ဆန္ဒဖော်ထုတ်သော တောင်းဆိုချက်များသည် ကျိုးကြောင်းညီညွတ်မှုရှိသည့်ကိစ္စရပ်များ၊ ဥပဒေနှင့်ညီညွတ်သည့် ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းမရှိသည့် ကိစ္စရပ်များ၊ ဒေသ၏ လူမှုစီးပွားရေးအား ထိခိုက်စေခြင်းမရှိသည့် ကိစ္စရပ်များ၊ ပြည်သူလူထုက လက်ခံနိုင်ခြင်းရှိသည့် ကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅)ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၃၈/၂၀၁၆)ဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို အသစ်ပြန်လည် ပြဋ္ဌာန်းခဲ့သည်။ လက်ရှိတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေအသစ်ရေးဆွဲလျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

အစည်းအဝေးတွင် ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး


မြေပုံမဲဆန္ဒနယ်မှ
ဦးဖေသန်း

**ကလေးမြို့အား မြို့မြေတိုးချဲ့ထွာသတ်မှတ်ပေးရန်အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကလေးမြို့သည် ရပ်ကွက်(၁၉)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ အဆိုပါမြို့ပေါ်ရပ်ကွက်များမှ မြေငှားဂရန်လျှောက်ထားမှုအပေါ် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက်အထိ ပုဂ္ဂလိက မြေငှားဂရန် ၄၁၉၈၊ စက်မှု၊ စီးပွားမြေငှားဂရန် ၂၈၀၊ ကျေးရွာမြေငှားဂရန် ၂၂၈ ခု မြေငှားဂရန်အမှုတွဲ စုစုပေါင်း ၄၇၀၆ တွဲအား ခွင့်ပြုချထားပေးခဲ့ပါကြောင်း။

ကလေးခရိုင် ကလေးမြို့သည် မြို့မြေဧရိယာ ၅၉၂၆ ဒသမ ၃၉၃၅ ဧကကျယ်ဝန်းပြီး ၎င်းဧရိယာအနက်မှ မြို့ဧရိယာ၏ ၂၀ ရာခိုင်နှုန်းကိုသာ ၁၉၇၀-၁၉၇၁ ခုနှစ်တွင် မြို့မြေအဖြစ် တိုင်းတာဆောင်ရွက်နိုင်ခဲ့ပြီး ၈၀ ရာခိုင်နှုန်းတိုင်းတာရန် ကျန်ရှိနေပါကြောင်း၊ ကလေးမြို့မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ စီမံချက်ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးနှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့၏ ဒဂုံမြို့နယ်တွင် မီးသတ်စခန်းတည်ဆောက်ပေးရေး၊ သက်ရှိပစ္စည်းဖမ်းဆီးရမိမှုအပေါ် ဆောင်ရွက်နေမှုနှင့် လေလံတင်ရောင်းချခဲ့သောတန်ဖိုးကို အများပြည်သူမြင်သာအောင် ထုတ်ပြန်ပေးရေး၊ အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေခြင်းကိုလျှော့ချရန် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေများ၊ စားကျက်မြေကို မြေမဲ့ယာမဲ့ဒေသခံများအတွက် ပြန်လည်စွန့်လွှတ်ပေးရေးဆိုင်ရာမေးခွန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် တင်သွင်းထားသည့် **မြို့နယ်တိုင်းတွင် အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းပါဝင်သောစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်း၍ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းက ကျောင်းနေအရွယ်ကလေးများ၏အချိန်သည် ကျောင်းပြီးလျှင် ကျူရှင်ဆိုသည့်အတိုင်း စာသင်ကြားနေရသည့်အချိန်နှင့် ကုန်ဆုံးနေပါကြောင်း၊ ကျောင်းပြင်ပဗဟုသုတကို မသိရှိသလောက်ဖြစ်နေပါကြောင်း၊ ကျောင်းများတွင် စာကြည့်ခန်းများရှိသော်လည်း စာအုပ်များလုံလောက်အောင်မရှိပါကြောင်း၊ ယင်းကိစ္စများကို ပြုပြင်နိုင်မှသာ မိမိတို့၏မျိုးဆက်များကို စာဖတ်သည့်အလေ့အကျင့်များ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံပြည်သူအများစုကို ကြည့်မည်ဆိုလျှင်လည်း နိစ္စဓူဝ ဝမ်းရေးအတွက်ရုန်းကန်လှုပ်ရှားနေရသည့်အတွက် စာပေကိုလေ့လာရမှန်းသိသော်လည်း စာအုပ်များဈေးကြီးနေသည့်အတွက် ဝယ်မဖတ်နိုင်ခြင်း၊ စာကြည့်တိုက်ထဲတွင်လည်း စာအုပ်များပြည့်စုံအောင်၊ လုံလောက်အောင် မရှိခြင်းကြောင့် မဖတ်ရခြင်း စသည့်အကြောင်းအရင်းများစွာကြောင့် စာမဖတ်နိုင်ကြပါကြောင်း၊ စာကြည့်တိုက်များကို ခေတ်မီပြီး ပြည့်စုံလုံလောက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဆိုလျှင်လည်း ဖတ်ရှုလေ့လာမည့်သူများကို စာဖတ်နိုင်သည့်အခြေအနေဖြစ်လာအောင် ဆောင်ရွက်မပေးနိုင်ပါက ရည်မှန်းချက်အောင်မြင်မည်မဟုတ်ပါကြောင်း ဆွေးနွေးသည်။

တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းက လွတ်လပ်စွာဝေဖန်ပိုင်ခွင့်၊ ထုတ်ဖော်ပိုင်ခွင့်၊ ဆန္ဒပြပိုင်ခွင့်များရှိနေသည့်အခါတွင် အသိဉာဏ်ကြွယ်ဝပြီးအမှား၊ အမှန်ကိုပိုင်းခြားတတ်မှသာလျှင် မှန်ကန်သည့်ဝေဖန်မှု၊ ထောက်ပြမှု၊ ဆန္ဒပြမှုများ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ လူငယ်များကို စာကြည့်တိုက်များသို့ရောက်အောင် ဆွဲဆောင်ရန်လိုပါကြောင်း၊ စာကြည့်တိုက်များတွင် အသက်အရွယ်အပိုင်းအခြားအလိုက် စာအုပ်မျိုးစုံထားရှိသင့်ပါကြောင်း၊ ထို့ပြင် စာဖတ်ခန်း၊ ဆွေးနွေးခန်းများပြုလုပ်ပေးပြီး လူငယ်များကိုဆွဲဆောင်သင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၄၀) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များကို ပြည်သူများ အသိပညာဗဟုသုတရှာမှီးရာနေရာများဖြစ်လာရန် ကြိုးစားစီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၏ **နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး၊ မြို့ငယ်များတွင် ယခင်ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ရုံးများနှင့် စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများအဖြစ် စနစ်တကျ ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရုံးပေါင်း ၄၃၄ ရုံးဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များသည် လွှတ်တော်ကိုယ်စားလှယ် ထောက်ပြညွှန်ပြသည့်အတိုင်း ပြည်သူများ အသုံးပြုမှုနည်းပါးခဲ့ပါကြောင်း၊ စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ခြင်း၊ မတည်တံ့ခြင်းသည် သက်ဆိုင်ရာ နေရာအသီးသီးတွင်ရှိသည့် စာကြည့်တိုက် သုံးစွဲသောသူများနှင့် ယင်းပတ်ဝန်းကျင်၌ရှိသော မိဘပြည်သူများ၊ ရပ်မိရပ်ဖများစသဖြင့် ရပ်ရွာကိုဦးဆောင်သည့် ပုဂ္ဂိုလ်များက စာကြည့်တိုက်များအပေါ် မည်မျှစိတ်ပါဝင်စားသည် အားပေးကူညီမှုနှင့် စောင့်ရှောက်မှုရှိသည့်အပေါ်တွင်လည်း မူတည်ပါကြောင်း။

ယခုအခါတွင် ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များကို ပြည်သူများ အကျွမ်းတဝင် ဝင်ထွက်သွားလာသည့်နေရာများ၊ ပြည်သူများ အသိပညာဗဟုသုတ ရှာမှီးရာနေရာများ ဖြစ်လာရန်အတွက် ကြိုးစားစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် ခရိုင်နှင့်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်


ပညာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


ကရင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၇)မှ နော်ခရစ္စထွန်း

မြို့နယ်ရုံးများကို ရပ်ရွာလူထု တွေ့ဆုံဆက်ဆံရာ လူမှုအခြေပြုဗဟိုဌာန(Community Centre)များ အဖြစ်လည်းကောင်း၊ စာကြည့်တိုက်များကို သက်ဆိုင်ရာဒေသအသီးသီးတွင်ရှိသည့် ရပ်ရွာလူထု၏ အသိပညာလိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် Community Library များ အဖြစ်လည်းကောင်း ပြောင်းလဲဖော်ဆောင်နိုင်ရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး အင်းစိန်ခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံး၊ နတ်မောက်မြို့နယ်ရုံးနှင့် ပျဉ်းမနားမြို့နယ်ရုံးများအား Community Centre များအဖြစ် တိုးမြှင့်နိုင်ရန်အတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ အစည်းအဝေးများ ကျင်းပနိုင်သောခန်းမများနှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိသည့်အပြင် ရွေ့လျားစာကြည့်တိုက်များကို တွဲဖက်ထားရှိနိုင်မှုကြောင့် ယခင်က ခရိုင်နှင့်မြို့နယ်ရုံး စာကြည့်တိုက်များသို့ လာရောက်၍ စာငှား၊ စာဖတ် မပြုနိုင်သော ပြည်သူများအား Book Mobile ဟုခေါ်သည့် စာအုပ်မော်တော်ယာဉ်များဖြင့် လှည့်လည်ငှားရမ်းခြင်းကို ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါကြောင်း။

ထို့အတူ Shanti Volunteer Association နှင့် ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း ရွေ့လျားစာကြည့်တိုက်အဖြစ် သုံးဘီးဆိုင်ကယ်များဖြင့် စာအုပ်စာစောင်များကို လှည့်လည်ငှားရမ်း ဆောင်ရွက်ပေးနေသည့်အပြင် အချို့မြို့နယ်များတွင် စာအုပ်များအား ဆိုင်ကယ်နှင့်တင်ပြီး ကျေးရွာများအရောက် လိုက်လံပို့ဆောင် ငှားရမ်းပေးနေပါကြောင်း။

Community Centre များနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် မြစ်ကြီးနားခရိုင်ရုံးအား အဆောက်အအုံအပါအဝင် လုပ်ငန်းအစီအစဉ်များပါ ပိုမိုခေတ်မီသော Community Centre တစ်ခုအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ မန္တလေးခရိုင်ရုံးနှင့် ဘားအံခရိုင်ရုံးများကို အလားတူ ပီပြင်သော Community Centre များဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Community Centre(လူမှုအခြေပြုဗဟိုဌာန) ဆိုသည်မှာ အများပြည်သူတို့ဆုံတွေ့ကာ သတင်းအချက်အလက် ဖလှယ်ရာနေရာ၊ ရပ်ရွာလူမှုရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများကို စုပေါင်းဆွေးနွေးဆောင်ရွက်ရာနေရာ၊ လူငယ်အသင်းအဖွဲ့များ၊ အမျိုးသမီးအသင်းအဖွဲ့များစသည့် ရပ်ရွာအသင်းအဖွဲ့ အမျိုးမျိုးဆုံဆည်းရာနေရာ၊ ဆွေးနွေးတိုင်ပင်ရာ၊ အစည်းအဝေးကျင်းပနိုင်ရာနေရာ၊ လူငယ်များအတွက် အသိပညာဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချပေးရာနေရာ၊ လူကြီး၊ လူလတ်၊ လူငယ်နှင့် ကလေးများအတွက် စာကြည့်တိုက်၊ IT ခန်း၊ အားကစားခန်း၊ စည်းဝေးခန်း စသဖြင့် ဘက်စုံကိစ္စရပ်များအတွက် နေရာထိုင်ခင်းနှင့် ပစ္စည်းကိရိယာများ စီစဉ်ခင်းကျင်းပေးထားရာနေရာ ဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်ပြီးသည့် Community Centre များတွင် အထက်ပါ အစီအစဉ်များအား တစ်နေ့တခြား တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အစီအစဉ်များအား ပီပီသသဆောင်ရွက်လာနိုင်သည်နှင့်အမျှ ယင်းစင်တာများသည် ပြည်သူလူထု အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ မိမိရပ်ရွာဒေသနှင့် မိမိနိုင်ငံ၏ အရေးကိစ္စများတွင် ပြည်သူများ စိတ်ပါဝင်စားမှုတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်၌ လူထုပါဝင်မှု တိုးတက်ရေးအတွက် အထောက်အကူပြုသွားနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှုနှင့် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်မူတည်ပြီး လူမှုအခြေပြုဗဟိုဌာန(Community Centre)များကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံး၌ ရုံးပေါင်း ၄၃၄ ရုံး ဖွင့်လှစ်ထားပြီး ယင်းရုံးများနှင့် **စာမျက်နှာ ၈ သို့ »»**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးအား တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၄**

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး အားယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ၎င်း၏နေအိမ်၌ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်အနေဖြင့် ကိုရီးယားကျွန်းဆွယ်နှင့် အာရှအရှေ့ဖျားတည်ငြိမ်အေးချမ်းမှုကို လိုလားပါကြောင်း၊ နျူကလီးယားအင်အားသုံးမှုနှင့် အင်အားပြခြိမ်းခြောက်မှုများကို ဆန့်ကျင်ပါကြောင်း၊ ဒေသအတွင်းနှင့် ကမ္ဘာ့တည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များကို မိမိတို့အနေဖြင့် လုပ်ဆောင်မည်မဟုတ်ပါကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကိုလည်း လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA အား အထူးကိုယ်စားလှယ်အဖြစ် စေလွှတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ-ဂျပန် ဆက်ဆံမှုတွင် ဘက်ပေါင်းစုံမှတိုးတက်မှုများကို တွေ့မြင်နေရကြောင်း၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်သည် မိမိတို့၏ ခိုင်မာသည့်မူဝါဒဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်း၊ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် တိုးမြှင့်လာမည်ဟု ယုံကြည်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်မြှင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများဖန်တီးပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးမှုသည် ဂျပန်နိုင်ငံအစိုးရအဖွဲ့သစ်ပြောင်းလဲဖွဲ့စည်းပြီးနောက် ပြည်ပခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဒေသစံတော်ချိန် ည ၇ နာရီတွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE က Kaito Kaku ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့ ဩဂုတ် ၁၀ ရက်တွင် ရန်ကုန်၌ တွေ့ဆုံမည်



**ချင်းမိုင် ဩဂုတ် ၄**

ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့၏ တတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Furama ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့ ရန်ကုန်တွင် ဆဋ္ဌမအကြိမ်တရားဝင်တွေ့ဆုံနိုင်ရေး၊ DPN က တောင်းဆိုထားသည့်အချက်ရှစ်ချက်နှင့် အစိုးရ၏ DPN အပေါ် သဘောထားတို့ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးခင်ဇော်ဦးနှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) ခေါင်းဆောင် ခူဦးရယ်တို့က နိဂုံးချုပ်စကားပြောကြားကြသည်။

ဦးခင်ဇော်ဦးက "အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုဆိုပေမယ့် တော်တော်လေး အမြင်ချင်းဖလှယ်နိုင်ပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့ နည်းတွေကိုစဉ်းစားပြီး ဆောင်ရွက်လာခဲ့ကြတဲ့အခါမှာ မကြာမီကျင်းပမယ့် ဆဋ္ဌမအကြိမ်အစည်းအဝေး အောင်မြင်မှုအတွက် များစွာအထောက်အကူပြုမယ်လို့ယုံကြည်ပါတယ်။ မတွေ့ဆုံခင် ပြန်ပြီးတော့ဆွေးနွေးရမယ့် အရာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အသေးစိတ်ကို စဉ်းစားတွေးခေါ်ပြီး အတတ်နိုင်ဆုံးအပေါင်းလက္ခဏာဆောင်တဲ့ အဖြေတွေရနိုင်အောင် နည်းလမ်းတွေရှာပါမယ်။ အလားတူပဲ ဆရာခူဦးရယ်တို့ဘက်ကလည်း လိုအပ်တဲ့အချက်တွေနဲ့ပတ်သက်ပြီး စဉ်းစားဆုံးဖြတ်ခဲ့ဖို့လည်း တိုက်တွန်းလိုပါတယ်။

"ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အစိုးရအဆက်ဆက် ဆွေးနွေးလာခဲ့တာ မနည်းတော့ပါဘူး။ သို့သော်လည်း ဒီတစ်ကြိမ်မှာ ထူးခြားတာတစ်ခုကတော့ အရင်လို အပစ်ရပ်ရေးတစ်ခုပဲမဟုတ်တော့ဘဲ နိုင်ငံရေးအတွက်ပါ စဉ်းစားလာတဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုတွေပါ ပါလာတော့ ရိုးရိုးလေးစဉ်းစားကြည့်မယ်ဆိုရင် လက်နက်က အဲဒီလောက်အရေးမကြီးပါဘူး။ အခုအချိန်မှာတော့ ကျွန်တော်တို့ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုတွေနဲ့ အဖြေရှာတဲ့အခါ ဘာကြောင့်လဲဆိုတဲ့ အကြောင်းရင်းကိုရှာနေပြီ"ဟု ပြောကြားသည်။

ခူဦးရယ်က "ဒီနေ့ ကျွန်တော်တို့ရဲ့ တွေ့ဆုံဆွေးနွေးမှုက အပြုသဘောဆောင်တယ်လို့ တစ်ထစ်ချယုံကြည်ပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ တွေ့ဆုံဆွေးနွေးတဲ့ ကျွန်တော်တို့ရဲ့ တွေ့ဆုံဆွေးနွေးမှုတွေဟာ နိုင်ငံရေးကို အခြေခံပြီးတွေ့ဆုံဖို့ ဘယ်တော့မှမစဉ်းစားခဲ့ပါဘူး။ အာဏာသိမ်းပြီးမှ တွေ့ဆုံဆွေးနွေးတဲ့ ဆွေးနွေးမှုတွေက ပိုများပါတယ်။ ဒါကြောင့်မို့လည်း နိုင်ငံရေးပြဿနာလို့ အသိအမှတ်ပြုဖို့ ပိုခက်ခဲတယ်လို့ ကျွန်တော်တို့ကနားလည်တယ်။ ဒါပေမယ့် အခင်းအကျင်းတစ်စုံလုံးကို သုံးသပ်လိုက်ရင် ခုချိန်မှာ အားလုံးကတစ်ခုခုကို သွားရတော့မယ်ဆိုတဲ့ တစ်ပြေးညီအမြင် သဘောထားရှိတယ်လို့ ကျွန်တော်မှတ်ယူပါတယ်။ အခုချိန်အထိ ကျွန်တော်တို့ ပြင်ဆင်နေတဲ့ အခင်းအကျင်းက ခြောက်နှစ်ထဲကို ဝင်လာပါပြီ။ အတူတကွသွားနိုင်တဲ့အဖွဲ့တွေရှိသလို မသွားနိုင်တဲ့ အဖွဲ့အစည်းတွေလည်းရှိတော့ ရည်မှန်းချက်တူသော်လည်းပဲ အတူတကွသွားဖို့ အဆင်မချောသေးတော့ အဖြေရှာရဦးမယ်လို့ နားလည်ပါတယ်။ ဒါကြောင့် Team Work အားကောင်းဖို့အတွက် အဖွဲ့အစည်းအားကောင်းဖို့ နည်းလမ်းရှာဖို့လိုပါတယ်"ဟု ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးခင်ဇော်ဦး၊ ဦးအောင်ကြည်၊ ဦးအောင်စိုး၊ ဒေါက်တာမင်းဇော်ဦး၊ ဦးလှမောင်ရွှေနှင့် ဦးကျော်လင်းဦးတို့ပါဝင်ပြီး DPN ဘက်မှ ခူဦးရယ်၊ နိုင်အောင်မငေး၊ စပ်ဆေအွန်၊ ဦးမင်းထွန်း၊ နာဗစ်ဘွန်၊ ဦးထွန်းဇော်၊ စိုင်းဟတ်ဟန်နှင့် မီမရမူတို့ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ် ဦးလှမောင်ရွှေက "ကျွန်တော်တို့ဘက်က ပြောလို့ရတာက DPN အဖွဲ့နဲ့ ငြိမ်းချမ်းရေးကော်မရှင်တို့ ဇူလိုင် ၂၀ ရက်က ဆွေးနွေးတာထက် အများကြီး ဆွေးနွေးနိုင်တယ်။ လာမယ့် ဩဂုတ်လ ၁၀ ရက်နဲ့ ၁၁ ရက်နေ့တွေမှာ DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင်တို့ရဲ့ ခြောက်ကြိမ်မြောက် တရားဝင်တွေ့ဆုံဆွေးနွေးမှုကို ရန်ကုန်မှာလုပ်မယ်။ ကျွန်တော်တို့ ရည်ရွယ်ချက်တော့ NCA လက်မှတ်ရေးထိုးနိုင်ပြီး လာမယ့်ညီလာခံမှာ UNFC အဖွဲ့ဝင်တွေ တက်ရောက်နိုင်ဖို့ဖြစ်ပါတယ်" ဟုပြောသည်။

အစိုးရအနေဖြင့် UNFC အဖွဲ့ဝင်များအား NCA လက်မှတ်ရေးထိုး၍ လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တက်ရောက်နိုင်ရန် ရည်ရွယ်ထားသည်။

DPN အဖွဲ့ဝင် ဦးထွန်းဇော်က "အဓိကက ကျွန်တော်တို့ အဆိုပြုထားတဲ့ NCA အဆိုပြုချက် ရှစ်ချက်နဲ့ ပတ်သက်ပြီး တရားဝင်ဆွေးနွေးရင် အဆင်ပြေစေဖို့ ရည်ရွယ်ပြီးလုပ်တာဖြစ်တယ်။ အခုက ကျန်နေတဲ့အပိုင်းတွေရှိနေတယ်။ မူဘောင်ပြန်လည်သုံးသပ်တာတို့၊ ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးယန္တရား (JMC) ကိုခိုင်မာအောင် လုပ်တဲ့အခါမှာ ဘယ်လိုလုပ်သွားမလဲ။ ဒါတွေကိုညှိနှိုင်းဖို့ ကျန်ပါသေးတယ်။ ဒီအချက်တွေက NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းမှာ လုပ်ရမယ့် အပိုင်းနဲ့ NCA လက်မှတ်မထိုးခင်လုပ်ရမယ့် အပိုင်းတွေ ရှိနေပါတယ်။ အစိုးရက NCA လက်မှတ်မြန်မြန်ထိုးပြီး NCA လမ်းကြောင်းပေါ်ကနေ အတူတကွတွေ့ဆုံဆွေးနွေးမှုမျိုးဖြစ်ချင်တယ်။အစိုးရအနေနဲ့ NCA ကို အမြန်လက်မှတ်ရေးထိုးဖို့ ဆိုပေမယ့် ကျွန်တော်တို့ အဆိုပြုထားတဲ့ အချက် ရှစ်ချက်ကိုပြေလည်အောင် ညှိနှိုင်းဖို့လိုပါတယ်။ အဲဒီတော့မှ NCA လက်မှတ်ရေးထိုးတဲ့ အဆင့်ကိုတက်နိုင်မှာပါ။ ကျွန်တော်တို့ အဆိုပြုချက်ကညှိနှိုင်းသဘောတူညီချက်ရတယ်ဆိုရင် နံပါတ် ၉ အချက်က NCA လက်မှတ်ရေးထိုးဖို့ ဖြစ်တယ်။ အချက်ရှစ်ချက်ကလည်း ဥပဒေကြောင်းကခိုင်လုံတဲ့ အကျိုးသက်ရောက်မှုရှိတဲ့အနေအထား သဘောတူညီမှုရမှ NCA လက်မှတ်ထိုးမှာဖြစ်ပါတယ်" ဟု DPN သဘောထားနှင့် ပတ်သက်၍ ပြောသည်။

ယနေ့ဆွေးနွေးမှုအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့ ဆဋ္ဌမအကြိမ် တရားဝင်တွေ့ဆုံမှုကို ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်မြို့ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပြုလုပ်ရန် ရက်သတ်မှတ်နိုင်ခဲ့သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

## ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ Level II သို့ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင်များရွေးချယ်

**နေပြည်တော် ဩဂုတ် ၄**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည်။

Level I ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်နှင့် လားရှိုးမြို့တို့တွင် ကျင်းပခဲ့ပြီး Level II သို့ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင်များ ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Level I အသံစစ်ဆေးခဲ့ရာတွင် Level IIသို့ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမ လက်ရွေးစင်များအဖြစ် တောင်ကြီးမြို့၌ ကျင်းပခဲ့သည့်ပြိုင်ပွဲမှ Aဒေး၊ နော်ရုဖဲရီ၊ စိုင်းမင်းဇော်တို့ကို လည်းကောင်း၊ မြစ်ကြီးနားမြို့၌ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် မင်းဇိုင်းဂျုံးဇယ်၊ စလား၊ မွန်းရာတို့ကိုလည်းကောင်း၊ မော်လမြိုင်မြို့၌ ကျင်းပခဲ့သည့်ပြိုင်ပွဲတွင် နောင်နောင်၊ စောစံထွေး၊ ဝင်းလဲ့လဲ့အောင် တို့ကိုလည်းကောင်း၊ လားရှိုးမြို့၌ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် ထွယ်ဆန်ရာ၊ စည်သူဘုန်းမြင့်နှင့် ရဲရင့်အောင်တို့ကိုလည်းကောင်း ရွေးချယ်ထားကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ဘားအံမြို့ ဒုံရင်းကျေးရွာတွင် ချစ်ကြည်ရေးဘောလုံးပွဲတော် ကျင်းပ

**ဘားအံ ဩဂုတ် ၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် Football United နှင့် ဘားအံတက္ကသိုလ်၊ ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသော ဘောလုံးအားကစားအခြေပြု ရပ်ရွာလူထုအတွင်း ပေါင်းစည်းညီညွတ်၊ တည်ငြိမ်အေးချမ်းသည့် လူမှုဘဝမြှင့်တင်ရေးဆိုင်ရာစီမံချက်၏ ချစ်ကြည်ရေးဘောလုံးပွဲတော်ကို ဩဂုတ် ၃ ရက်က ဒုံရင်းကျေးရွာ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပွဲတော်ကို နံနက် ၉ နာရီတွင် စတင်ကျင်းပပြီး အခြေခံပညာကျောင်းများမှ အမျိုးသမီး အသင်းခုနစ်သင်း၊ အမျိုးသားအငယ်တန်းငါးသင်း၊ အကြီးတန်းငါးသင်း အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပွဲစဉ်ပေါင်း ၃၄ ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြကာ ညနေ ၃ နာရီတွင် ဆုရရှိသော ဘောလုံးအသင်းနှင့် အားကစားသမားများအား လောရီယက်စ်အဖွဲ့မှ မစ်ဝီဘီ၊ ပေါင်းကူးအဖွဲ့မှဒေါ်မြတ်သံသာအောင်၊ Football United မှ ဒေါက်တာဌေးဝင်း၊ ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ပြည်နယ်မှူးဦးအေးလွင်၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းကာလအတွင်းမှာ ပြည်တွင်းပြည်ပ ပညာရှင်များက သက်ဆိုင်ရာဘာသာရပ်များကို ပို့ချပေးခဲ့သည့်အတွက် အရာရှိကြီးများအနေဖြင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လေ့လာမှတ်သားခဲ့ကြရကြောင်း၊ ဇူလိုင် ၁၀ ရက်တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာကသိရှိအောင် ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ့ဝန်ထမ်းများအတွက် အချက် ၁၀ ချက်ကို မြွက်ကြားခဲ့ရာ လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ လိုက်နာကျင့်ကြံဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုက ယုံကြည်မှုရရှိရေးနှင့် နယ်ပယ်စုံစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သူများဖြစ်ရာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ဖြေရှင်းနိုင်ရန်အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင် ခေတ်စနစ်နှင့်အညီ အကောင်အထည်ဖော်ကြသူများဖြစ်ရာ ပြည်သူ၏ယုံကြည်ကိုးစားမှုခံယူထိုက်သူများဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။





အဆိုပါ သင်တန်းသို့ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ EU (GOPA)၊ မလေးရှားနိုင်ငံ EDS Business School/Akamai University USA မှ ပညာရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများဖြစ်သည့် YCTC Business Institute၊ Business Innovation Facility တို့မှ ပညာရှင်များက ရက်သတ္တရှစ်ပတ်ကြာ ပို့ချခဲ့ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ပါမောက္ခချုပ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးအဆင့် အဆင့်မြင့်အရာထမ်း သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အရေးပေါ်အစည်းအဝေး ကျင်းပ

**မောင်တော ဩဂုတ် ၄**

မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အရေးပေါ်အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် ယမန်နေ့က မြို့တိုင်းရင်းသား ခြောက်ဦး အကြမ်းဖက်သတ်ဖြတ်ခံရမှုအဖြစ်အပျက်သည် အလွန်ကျယ်ပြန့်သည့် အနေအထားဖြစ်သည့်အတွက် ယခင်ကဖြစ်ပျက်သည့် အဖြစ်အပျက်များနှင့်မတူညီဘဲ ယခုအဖြစ်အပျက်ကို ပိုမိုအလေးထားရန်၊ အနာဂတ်တွင် မိမိတို့ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည့် အစီအမံများအတွက်လည်း အလေးအနက်ထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့် အသေးစိတ်ဆွေးနွေးပြီး အစည်းအဝေးတွင် ဆုံးဖြတ်နိုင်သည်ကိုဆုံးဖြတ်ကာ မဆုံးဖြတ်နိုင်သည့် အရေးကြီးသောအချက်အလက်များကို ပြည်နယ်အစိုးရ၊ နိုင်ငံတော်အစိုးရထံအဆင့်ဆင့်တင်ပြသွားနိုင်ရန်လည်း အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း။

ယခုအဖြစ်အပျက်နောက်ပိုင်းတွင် အကျိုးဆက်များများစွာဖြစ်ပျက်လာနိုင်ပါကြောင်း၊ ယခုဖြစ်ပျက်သွားသည့်အပေါ်တွင် ထိန်းထိန်းသိမ်းသိမ်း၊ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်သွားရန်လိုပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် ပိုမိုချိတ်ဆက်ပြီး စည်းစည်းလုံးလုံး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အားလုံးက တစ်ခုတည်းကို ဦးတည်ပြီးလုပ်မည်ဆိုလျှင် ကွဲပြားစရာရှိမည်မဟုတ်ဟု ယုံကြည်ပါကြောင်း၊ လတ်တလောတွင် တည်ငြိမ်မှုကို ဦးတည်မည်ဆိုလျှင် တည်ငြိမ်မှုကိုသာ ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်လွင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးတို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများသည် အကြမ်းဖက်သတ်ဖြတ်ခံရသည့် မြို့တိုင်းရင်းသားခြောက်ဦး၏ မိသားစုဆွေမျိုးသားချင်းများကို နှစ်သိမ့်အားပေးစကားပြောကြားပြီး မိသားစုတစ်စုလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သည်။

**သတင်း-အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ-အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)**

■

# အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနအောက်ရှိသင်ကြားရေးဝန်ထမ်းများ၊ စီမံရေးရာဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးနှင့် ပြောင်းရွှေ့ခန့်ထားခြင်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များ၊ ပညာရေးကောလိပ်များမှ သင်ကြားရေးနှင့် စီမံရေးရာဝန်ထမ်း ၁၃၈၁ ဦး၊ အခြေခံပညာဦးစီးဌာနမှ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဝန်ထမ်း ၂၄၇၈ ဦးတို့အား ရာထူးတိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခန့်ထားခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၈၄ ဦး၊ နည်းပညာတက္ကသိုလ်များရှိ လက်ထောက်ကထိကမှ ကထိကရာထူး(တိုးမြှင့်ခြင်း) ၉၉၂ ဦး၊ ကွန်ပျူတာတက္ကသိုလ်များရှိ လက်ထောက်ကထိကမှ ကထိကရာထူး(တိုးမြှင့်ခြင်း) ၁၆၃ ဦး၊ ကွန်ပျူတာတက္ကသိုလ်များရှိ လက်ထောက်ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၂၁ ဦး၊ နည်းပညာတက္ကသိုလ်များရှိ လက်ထောက်ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ဦးရေ ၄၀ နှင့် ပညာရေးကောလိပ်များမှ ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၁၁ ဦး၊ ကထိကရာထူး(တိုးမြှင့်ခြင်း) ဦးရေ ၄၀၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူး(တိုးမြှင့်ခြင်း) တစ်ဦး၊ ဌာနခွဲမှူးရာထူး (ပြောင်းရွှေ့ခြင်း) သုံးဦး၊ ဌာနခွဲမှူး ရာထူး(တိုးမြှင့်ခြင်း) ငါးဦး၊ မော်ကွန်းထိန်းရာထူး(တိုးမြှင့်ခြင်း) တစ်ဦး၊ စာကြည့်တိုက်မှူးရာထူး (ပြောင်းရွှေ့ခြင်း)တစ်ဦး၊ လက်ထောက်ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၁၆ ဦး၊ ဦးစီးအရာရှိရာထူး (ပြောင်းရွှေ့ခြင်း)သုံးဦးတို့ကို ပညာရေးဝန်ကြီးဌာနအဆင့်မြင့် ပညာဦးစီးဌာနမှ ယနေ့ရက်စွဲဖြင့် အမိန့်စာများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



ထို့အတူ အခြေခံပညာဦးစီးဌာနအောက်ရှိ သင်ကြားရေးဝန်ထမ်းများနှင့် စီမံရေးရာဝန်ထမ်းများအား ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများဆောင်ရွက်ခဲ့ရာတွင် အခြေခံပညာအထက်တန်းကျောင်းအုပ်မှ မြို့နယ်ပညာရေးမှူးအထိ အနေကြာပြောင်းရွှေ့သူ ၂၇ ဦး၊ ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူးအထိ ရာထူးတူပြောင်းရွှေ့သူ ၅၂၃ ဦး၊ ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ပညာရေးမှူးအထိ ပြောင်းရွှေ့သူ ၆၈ ဦး၊ ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ပညာရေးမှူးအထိ ရာထူးတိုးသူ ဦးရေ ၁၈၆၀ တို့ကိုလည်း ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားပေးလိုက်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပုသိမ် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်က တိုင်းဒေသကြီးမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က မူးယစ်ဆေးဝါး စွဲနေသူများအတွက် မူးယစ်ဆေးစွဲကုသရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**(ပုသိမ်လှကြည်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မေဝင်းမြင့်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီးနှင့်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

»»» **စာမျက်နှာ ၅ မှ**

စာကြည့်တိုက်များအား ပြန်ကြားရေးဝန်ကြီးဌာန၏ အစဉ်အလာတာဝန်များဖြစ်သည့် ပြန်ကြားပေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို Community Centre, Community Library အဖြစ် တိုးမြှင့်ဆောင်ရွက်ရန် စနစ်တကျလုပ်ဆောင်လျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ပလက်ဝမြို့နယ်ရှိ မူလတန်းကျောင်းများနှင့် မူလတန်းကျောင်း(ခွဲ)များတွင် လစ်လပ်နေသော အထွေထွေဝန်ထမ်းနေရာတွင် ဒေသခံများကို ဦးစားပေး ခန့်ထားပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာကျောင်းများတွင် အထွေထွေလုပ်သားများ ခန့်ထားမှုနှင့်စပ်လျဉ်းပြီး သတ်မှတ်ချက်များမှာ ကျန်းမာရေးကောင်းမွန်သူ၊ အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်ပြီးသူ၊ အသက်(၃၀)နှင့်အောက်၊ ပြစ်မှုကင်းရှင်းသူ စသည်တို့ ဖြစ်ပါကြောင်း၊ ပလက်ဝမြို့နယ်တွင် လစ်လပ်လျက်ရှိသော အထွေထွေလုပ်သားရာထူးနေရာများတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဒေသခံများနှင့်မလုံလောက်ပါက အနိမ့်ဆုံး အခြေခံပညာအဆင့် နဝမတန်းအောင်မြင်ပြီးသူ ဒေသခံများကို ရွေးချယ်ခန့်ထားနိုင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ **တက္ကသိုလ်ဝင်တန်း စာစစ်ဌာနအသစ်ချထားပေးရန်အတွက် မည်သည့်အချက်အလက်များ ပြည့်စုံရန်လိုအပ်သည်ကို သိရှိလိုကြောင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဝါးခယ်မမြို့နယ် ကြီးနီစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် တက္ကသိုလ်ဝင်တန်းစာစစ်ဌာန ချထားပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနအနေဖြင့် အခြေခံပညာဦးစီးဌာနမှ တင်ပြလာမှုများကို စိစစ်ရာတွင် ဝါးခယ်မမြို့နယ် ကြီးနီစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တည်ရှိရာနေရာသည် စာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ခွင့်ပြုရန် အရေးကြီးဆုံးဖြစ်သည့် တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များ၊ ရဲစခန်းနှင့် မီးခံတိုက်(Vault)တို့မရှိဘဲ ယာယီရဲကင်းသာ ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ စာစစ်ဌာနအသစ်ဖွင့်လှစ်ခွင့်ပြုရေးနှင့်ပတ်သက်ပြီး အဆိုပါသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမှသာ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနအနေဖြင့် ပညာရေးဝန်ကြီး စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်ပေးရပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က အကြံပြုဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်**က ကော်မတီအနေဖြင့် အချိန်တိုအတွင်း ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ရေးဆွဲနိုင်သည့်အတွက် ချီးကျူးပါကြောင်း၊ ထို့ပြင်ကော်မတီအနေဖြင့် ကွင်းဆင်းစစ်ဆေးချက်များမှ ရလဒ်များနှင့် အတွေ့အကြုံများကို ကော်မတီ၏ အစီရင်ခံစာတွင် အကျဉ်းချုံးဖော်ပြသင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသုံးစွဲမှုအခြေအနေများကို ကော်မတီအနေဖြင့် စောင့်ကြည့်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ အလားတူ နိုင်ငံအတွင်းပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် လိုအပ်သောမူဝါဒများထွက်ပေါ်လာအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြစ်ချောင်းထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကော်မတီ၏အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသင့်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်မှအတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက လွှတ်တော်သို့အဆိုတင်သွင်းပြီး လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ဩဂုတ် ၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နိုင်ငံတော်ပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်များကို နှစ်စဉ်ဖြန့်ချိပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်အစိုးရက ၁၉၅၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သော "ပြည်ထောင်စုမြန်မာနိုင်ငံတော်လုံးဆိုင်ရာ ပြက္ခဒိန်တော်ဆက်အဖွဲ့"ကို ၁၉၆၂ ခုနှစ်တွင် "နိုင်ငံတော်ပြက္ခဒိန်အကြံပေးအဖွဲ့"ဟု ပြောင်းလဲသတ်မှတ်ခဲ့ပြီး ပြက္ခဒိန်ပညာရပ်တွင် နှံ့စပ်ကျွမ်းကျင်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ညှိနှိုင်းတွက်ချက်ကာ "မူမှန်ပြက္ခဒိန်" အဖြစ် နှစ်စဉ်ထုတ်ပြန်ဖြန့်ချိလျက်ရှိသည်။

ယခင်က အများပြည်သူသုံး ပြက္ခဒိန်ထုတ်ဝေဖြန့်ချိခြင်းအတွက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကို ဝယ်ယူမှတ်ပုံတင်ပြီးကြောင်း အထောက်အထားဖြင့် စာပေစိစစ်ရေးက အများပြည်သူသို့ ထုတ်ဝေဖြန့်ချိရန် ခွင့်ပြုခဲ့ကြောင်း။

မူမှန်ပြက္ခဒိန်သည် ဝါဆို၊ ဝါကပ်၊ လထပ်၊ ရက်ငင်များအတွက်လည်းကောင်း၊ နိုင်ငံတော်က တရားဝင်ထုတ်ပြန်သော ပြန်တမ်းဝင်ပိတ်ရက်များအတွက် လည်းကောင်း၊ နှစ်စဉ်နှစ်တိုင်း အများပြည်သူ ရှင်လူအပေါင်း တညီတညွတ်တည်းလိုက်နာအသုံးပြုရန်အတွက်လည်းကောင်း အထူးအရေးပါသည့် လမ်းညွှန်မှုဖြစ်ခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကို ကိုးကားခြင်းမပြုဘဲ မိမိတို့အစီအစဉ်ဖြင့် ရေးဆွဲထုတ်ဝေနေသောကြောင့် ဝိဝါဒကွဲလွဲနိုင်သည့် မူကွဲမူလွဲပြက္ခဒိန် များ ပေါ်ပေါက်လာနိုင်ပြီး မူကွဲမူလွဲပြက္ခဒိန်များကြောင့် အများပြည်သူ ရှင်လူအပေါင်းအတွက် မလိုလားအပ်သော အငြင်းပွားဖွယ်ရာများ၊ နစ်နာ မှုများ ပေါ်ပေါက်လာနိုင်ကြောင်း။

သို့ဖြစ်၍ ရဟန်းရှင်လူပြည်သူအကျိုးရှေးရှုလျက် နိုင်ငံတော်မှ တရားဝင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ ရှေးအစဉ်အဆက် တွက်ရိုး၊ နည်းနာများအတိုင်း တွက်ချက်ထားသော မူမှန်ပြက္ခဒိန်ကိုသာ မှီငြမ်းကိုးကား၍ ပြက္ခဒိန်များထုတ်ဝေဖြန့်ချိသင့်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၃/၂၀၁၇**
၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတဲရင့်စ်စံမှိုင်းနီခွဲကို ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(၂)တွင်ပါရှိသော "the woman her age of fourteen years" ဆိုသည့်စကားရပ်ကို "the woman her age of fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"3. The President of the Union may appoint Registrars-General of Marriages and Registrars of Marriages, for specified areas in the Republic of the Union of Myanmar, under this Act. The area for which any such Registrar of Marriages is appointed shall be deemed to be his district."

၄။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇ တွင်ပါရှိသော "(other than a Court of Small Causes)" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၉ တွင်ပါရှိသော "not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၁၃-က တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" ဆိုသည့်စကားရပ်ကို "Registrar- General of Marriages" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၇။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ဒုတိယဇယား "DECLARATION TO BE MADE BY THE BRIDE" ၏ အမှတ်စဉ် ၃ တွင်ပါရှိသော "age of fourteen years" ဆိုသည့်စကားရပ်ကို "age of fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

**✻ ကျောဖုံးမှ**

အားကစားသမား မောင်၊ မယ်များအနေဖြင့် ဖွဲ၊ စိတ်ဓာတ် အပြည့်အဝဖြင့် မိမိတို့၏ အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်အောင် တက်ညီလက်ညီဖြင့် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် မှာကြားလိုပါကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ယခုအကြိမ်တွင် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုလျှင် မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်နိုင်မည် ဖြစ်ပါကြောင်း။

အားကစားအောင်မြင်မှုနှင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန် ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသောဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအားလုံး သတိချပ်ကြရန် လိုပါကြောင်း။

မိမိတို့နိုင်ငံတော်ကို နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်ရန်အတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍကိုလည်း နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် အစီအမံများစနစ်တကျချမှတ်ကာ ကြိုးပမ်းဆောင်ရွက်နေပြီး နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင် အောင်မြင်ဖြစ်ထွန်းမှုများကို ဖော်ထုတ်ပြသကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အပ်နှင်းမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ အလံတော်သည် ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုလျက် ရှိနေသည်ဆိုသည့်ခံယူချက်နှင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွှင့်ထူနိုင်ရန် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း။

ယခုကဲ့သို့သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်က ကူညီအားပေးခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်များ အားလုံးကိုလည်း နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အောင်ပန်းဆင်ပြန်လာမည့် အားကစားသမားမောင်၊ မယ်များအား ဂုဏ်ပြုချီးမြှင့်သည့်အခါတွင်လည်း ယခုကဲ့သို့ ပူးပေါင်းအားပေးသွားကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ယနေ့ နိုင်ငံတော်ကို ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ရှိနေပြီဟု ယုံကြည်ထားသည့်အတွက် ပြိုင်ပွဲတွင် အစွမ်းကုန်ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် ပြိုင်ပွဲကာလအတွင်း၌လည်း စဉ်ဆက်မပြတ်လေ့ကျင့်ရင်း အသင်းအဖွဲ့ စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်နှင့် အချင်းချင်း ရိုင်းပင်းကူညီသွားကြရန်၊ အဆင့်ဆင့် စီမံကွပ်ကဲအုပ်ချုပ်မှုကိုခံယူပြီး စည်းကမ်းနှင့်အညီ စုဖွဲ့သွားလာဆောင်ရွက်ကြရန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ စရိုက်အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရန်၊ အထူးသဖြင့် နိုင်ငံတော်နှင့်တကွ တစ်မျိုးသားလုံးက မိမိတို့အပေါ်တွင် မြင့်မားသည့် မျှော်လင့်ချက်များနှင့် စောင့်မျှော်နေကြမည်ဆိုသည်ကို သိမြင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေရန် “လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း” စိတ်ဓာတ်နှင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင် အနိုင်ယူခဲ့ကြရန်၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးမည့် အားကစားသမား မောင်၊ မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံနေအောင် စွမ်းဆောင်သွားကြပါဟု အလေးအနက်တိုက်တွန်းလိုပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ မြန်မာနိုင်ငံတော်အလံ အပ်နှင်းသည်။

ထို့နောက် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အား လျှုဒါန်းငွေများပေးအပ်ခြင်းအစီအစဉ်ကိုကျင်းပရာ 100 Plus Co.,Ltd၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၊ Max Myanmar Group of Co.,Ltd၊ ဧရာမြန်မာအာမခံလုပ်ငန်းနှင့် Jewellery Luck Group of Co. တို့က ဒုတိယသမ္မတထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရွှေသံလွင်မီဒီယာကုမ္ပဏီ (Sky Net)၊ Balance Fitness၊ Nestle Myanmar Co.,Ltd ၊ ဖြိုးစည်သူ ကျွန်းအထူးစိုက်ခင်းကုမ္ပဏီလီမိတက်၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် မြန်မာအားကစားအဖွဲ့ဝင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမား မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလှူရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်ကြမည့် မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားမောင်၊ မယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံတွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၉ ရက် မှ ၃၁ ရက်အထိ ကျင်းပ၍ အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့်ပြီး အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၂၉ မျိုးတွင် အားကစားသမား ၅၉၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဖိလစ်ပိုင်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo E. Kapunan, Jr အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Grand Amara Hotel ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အများပြည်သူ၏ တင်ပြချက်များ အခက်အခဲများအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းပေးကြရမည် ဖြစ်ပါကြောင်း၊ အဖွဲ့ခွဲများ၏ လုပ်ငန်းအောင်မြင်မှုသည် အဖွဲ့တစ်ရပ်လုံး၏ အောင်မြင်မှုဖြစ်ပါကြောင်း၊ အဖွဲ့ခွဲများ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွတ်လပ်စွာ တရားစီရင်ရေးနှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဂရုပြု၍ ဌာနအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု စနစ်တကျ ချိတ်ဆက်အကောင်အထည်ဖော်နိုင်ရေးနှင့် လုပ်ငန်းအခက်အခဲများကို ပေါင်းစပ်ဖြေရှင်းပေးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်များအကြားတွင်လည်းကောင်း၊ ဌာနဆိုင်ရာများအကြားတွင် လည်းကောင်း ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုသည် လုပ်ငန်းအောင်မြင်မှု၏ အဓိကသော့ချက်ဖြစ်ပါကြောင်း၊ မကြာမီ နိုင်ငံတော်အဆင့် Rule of Law Forum တစ်ရပ်ကို ကျင်းပရန် စီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဖွဲ့ခွဲများမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု၊ တွေ့ကြုံရသည့် အခက်အခဲနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများကလည်း ပါဝင်ဆွေးနွေးအကြံပြုခဲ့ကြသည်။

**(သတင်းစဉ်)**



**✻ ကုန်သေတ္တာတင်မှ**

ဝါးတန်းကုန်ရုံမှ သောကြာနေ့ညနေ ၆ နာရီထိ ကုန်ပစ္စည်းများအပြီးသတ်တင်ဆောင်မည်ဖြစ်ပြီး လူစီးရထားတွဲဆိုင်းများ ပြေးဆွဲကုန်ဆုံးချိန်သန်းခေါင်ယံအချိန်တွင် စတင်ထွက်ခွာမည်ဖြစ်သည်။ စနေနေ့တွင် ပုလိပ်မြို့သို့ရောက်ရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ကုန်ပစ္စည်းများသယ်ချကာ ပုလိပ်မြို့မှ ကုန်ပစ္စည်းများကို သယ်ဆောင်ပြီး တနင်္လာနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ပြေးဆွဲပေးမည်ဖြစ်ကြောင်းနှင့် ပြေးဆွဲချိန်ကို ၂၄ နာရီ သတ်မှတ်ထားရှိကြောင်း သိရသည်။ ကုန်ပစ္စည်းတန်ဆာခနှုန်းထားအရ ရန်ကုန်-မန္တလေး တစ်တန် တစ်မိုင်ကိုငွေကျပ် ၃၀ သတ်မှတ်ထားရှိပြီး မန္တလေး-ရန်ကုန် တစ်တန်တစ်မိုင်ကိုငွေကျပ် ၂၀ သတ်မှတ်ထားကာ ကရိန်းအသုံးပြုခများ၊ ယာဉ်ဖြင့်သယ်ယူခများအား ကုန်ပစ္စည်းတင်ခရီးသည်များမှ ကျခံရမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အာရှသယ်ယူပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတွင် ကုန်းတွင်းပိုင်းဆိုင်ရာ အစိုးရသဘောတူညီချက်အရ လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံ၌ Dry Port ဖြစ်နိုင်ခြေရှိသည့်နေရာ ရှစ်နေရာဖြစ်သော ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တမူး၊ မူဆယ်၊ မော်လမြိုင်၊ ပဲခူးနှင့် ပြည်မြို့တို့အား ဆာဗေးကောက်ယူသတ်မှတ်ခဲ့ခြင်းဖြစ်ကာ ပထမဦးဆုံးအနေဖြင့် ရန်ကုန်မြို့(ရွာသာကြီး)နှင့် မန္တလေးမြို့(မြစ်ငယ်)နေရာကို ရွေးချယ်ခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ ရန်ကုန်မြို့(ရွာသာကြီး)နှင့် မန္တလေးမြို့(မြစ်ငယ်)နေရာကို Dry Port တည်ဆောက်ရေးကာလ နှစ်နှစ်သတ်မှတ်ထားရှိပြီး ပြီးခဲ့သည့် ဧပြီ ၃ ရက်က မြန်မာ့မီးရထားနှင့် တင်ဒါအောင်ကုမ္ပဏီတို့မှ ကွန်တိန်နာရထားပြေးဆွဲရန်အတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ လက်မှတ်ရေးထိုးပြီး တစ်နှစ်တာကာလအတွင်း ကွန်တိန်နာရထားတွဲဆိုင်းစတင်ပြေးဆွဲရန် သဘောတူထားကြသော်လည်း လေးလတာကာလအတွင်း Kerry Resource Transport Limited မှ ကွန်တိန်နာရထားတွဲဆိုင်းအား ပြေးဆွဲလိုက်ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်ကတည်းက မြန်မာ့မီးရထားမှ ကွန်တိန်နာရထားတွဲဆိုင်းပြေးဆွဲရန်စီစဉ်ခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့ရှိ မြို့ဟောင်းဘူတာ၌ ၁၉၉၅ ခုနှစ်ကဝယ်ယူထားသည့် ကွန်တိန်နာတွဲပေါင်း ၂၀၀ ကျော်အား ဝယ်ယူဆောင်ရွက်ထားရှိသော်လည်း နိုင်ငံအတွင်းရှိကုန်ပစ္စည်းသယ်ဆောင်မှုပုံစံအရ မြို့အသီးသီးသို့ ရထားတွဲလုံးများဖြင့်သာ ပို့ဆောင်ပြေးဆွဲပေးနိုင်ခဲ့ကြောင်း၊ ယနေ့ညနေပိုင်းက ကျင်းပခဲ့သော အဆိုပါ ကွန်တိန်နာရထားပြေးဆွဲခြင်းဖွင့်ပွဲ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ DMD ဦးအောင်ဝင်း၊ GM ဦးဘမြင့်နှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ Kerry Resource Transport Limited မှ ဒါရိုက်တာဦးကျော်သာဦးနှင့် GM ဦးညီထွဋ်တို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ (ပွင့်သစ္စာ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Italian-Thai Development Public Company Limited ၏ ဥက္ကဋ္ဌနှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဩဂုတ် ၄**

မြန်မာအထူးစီးပွားရေးဇုန်ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Italian-Thai Development Public Company Limited ၏ ဥက္ကဋ္ဌ Mr. PremchaiKarnasuta နှင့်အဖွဲ့အား ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းပါလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်လမ်းသွားကားလမ်းဖောက်လုပ်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် အမြန်ဆုံးဆောင်ရွက်သွားရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**




# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကော့သောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကော့သောင်း ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ ဘုရင့်နောင်ရုပ်တုကုန်းမြေသို့ရောက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဖြတ်သန်းခ ၁၀ ရာခိုင်နှုန်းရရှိငွေနှင့် ပြည်သူလူထုပူးပေါင်းထည့်ဝင်ငွေဖြင့် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘုရင့်နောင်ကုန်းမြေပတ်လမ်း ဖောက်လုပ်ကွန်ကရစ်ခင်းခြင်း၊ လမ်းဘေးကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှု၊ Pipe Culvert များဆောင်ရွက်ထားရှိမှု၊ ရေမြောင်းများဆောင်ရွက်ထားရှိမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး လမ်းညွှန်မှာကြားသည်။



ဆက်လက်၍ ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ ခုတင်(၁၀၀) ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ကျန်းမာရေးဝန်ထမ်း နေအိမ်အဆောက်အအုံ လုံလောက်စွာရရှိရေး၊ ဖွဲ့စည်းပုံအမီ အထူးကုဆရာဝန်နှင့် ဆရာဝန်များ ဖြည့်ဆည်းပေးနိုင်ရေး၊ အိမ်သာစနစ်များသန့်ရှင်းသပ်ရပ်စေရေး၊ သီးသန့်လူနာဆောင် ဖွင့်လှစ်ထားရှိမှုနှင့် အဆင့်မြှင့်တင်နိုင်ရေး လိုအပ်မှုများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကိစ္စများကို စေတနာထားဆောင်ရွက်ပေးကြရေး၊ လတ်တလောဖြစ်ပေါ်နေသည့် ရာသီတုပ်ကွေး(H1N1)နှင့် ကြက်ငှက်တုပ်ကွေး (H5N1)ရောဂါများနှင့်ပတ်သက်၍ ကော့သောင်းဒေသအတွင်းဖြစ်ပွားမှု မရှိသော်လည်း သတိပြုစောင့်ကြည့်စစ်ဆေးကြရေး၊ လူမှုကွန်ရက်စာမျက်နှာများ၏ မမှန်သတင်းများအား အလေးထားဆောင်ရွက်မှု မပြုကြရေးကိစ္စရပ်များကို တာဝန်ရှိအဖွဲ့စည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း သုံးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Ly-NaMedicated Pearl Paste | Made in Taiwan | Mercury (+) |
| ၂။ | Kim Whitening Ginseng And Pearl Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၃။ | RUIQIAN A+B | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |

အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**








# နှစ်(၅၀)ပြည့် ရွှေရတုနေ့အာဆီယံ

❖ နှစ် ၅၀ သက်တမ်း၊ ဖြတ်သန်းခဲ့ပြီ
အာဆီယံအသင်းကြီး၊ ရှေ့ခရီးဆက်ရင်း
ကမ္ဘာချင်းမျှ၊ အတူသွားကြရန်
သန္နိဋ္ဌာန်ချ၊ ချစ်ကြည်ခြင်းတွေပြဖို့
ဆန္ဒကိုယ်စီ ရှိကြသည်တည်း။

❖ နိုင်ငံချင်းမတူ၊ လူမျိုးချင်းကွဲပြား
ခြားနားမှုတွေ၊ ရှိနေခြင်းမှာ
သဘာဝပါပဲ၊ အခက်အခဲတွေ
လက်တွဲဖြေရှင်း၊ အောင်မြင်ခြင်းရယူ
ပြည်သူသန်း ၆၅၀ ကျော်၊ အမြော်အမြင်ကြီးကြီး
တစ်ခုတည်းသော အသိုက်အဝန်း
ဖြစ်ထွန်းပေါ်ပေါက်၊ တစ်ယောက်၏ဆန္ဒ
တစ်ယောက်ကအလေးအနက်၊ ချင့်တွက်တွေးဆ
အရှေ့တောင်အာရှတစ်ခွင်၊ အလှဆင်ဖို့
ရွှေရတုသို့အရောက်၊ ခရီးပေါက်ခဲ့။

❖ အာဆီယံအဆင်တန်ဆာ
ရိုးရာယဉ်ကျေးမှု၊ အစုစုသည်
တိုင်းပြည့်ဂုဏ်ဒြပ်၊ တန်ဖိုးမဖြတ်နိုင်
အပြိုင်လှနေ၊ ရေမြေအလိုက်
စရိုက်ထုံးတမ်း၊ အာဆီယံတစ်ဝန်းဝယ်
ဒီဆယ်နိုင်ငံ၊ သယံဇာတ
အလှအပတွေအကုန်၊ ရောင်မျိုးစုံဖြင့်
တစ်ဖုံစီဆန်း၊ တစ်ခန်းစီသစ်
ချစ်စရာ့အာဆီယံ၊ တစ်နိုင်ငံတစ်မျိုးလှ
သဘာဝအရင်းအမြစ်၊ အမွေအနှစ်တွေ
မျှဝေလို့မကုန်၊ အလှမျိုးစုံ၏။

❖ အရှေ့တောင်အာရှနိုင်ငံများအသင်း
လက်ချင်းတွဲယှက်၊ တစ်သက်ပန်လုံး
ခရီးဆုံးသည့်တိုင်၊ တို့ဆယ်နိုင်ငံ
အပြန်အလှန်လေးစား၊ နှစ်ငါးဆယ်မှသည်
ကမ္ဘာတည်အောင်မခွဲ၊ မြဲမြဲဆက်ထား
တို့လက်များသည်. . .
"ခွန်အားဖြစ်မည်၊ တို့ယုံကြည်၏"
"တိုးတက်ရမည်၊ တို့ယုံကြည်၏"
"အောင်မြင်ရမည်၊ တို့ယုံကြည်၏"။ ။

ဟသ်ာတမြင့်ငွေ

'နှစ် (၅၀)ပြည့် ရွှေရတုအာဆီယံနေ့ကို ကြိုဆိုဂုဏ်ပြုသည်'

# လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၃၆ ဦးတွင် H1N1 ပိုးတွေ့လူနာ ၁၃၂ ဦးရှိပြီး သေဆုံးသူ ၁၄ ဦးရှိခဲ့

**နေပြည်တော် ဩဂုတ် ၄**
ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့မွန်းလွဲ ၂ နာရီအထိ H1N1 သံသယလူနာ ၃၁ ဦးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၂၂ ဦး ထပ်မံတွေ့ရှိကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၃၆ ဦး ရှိခဲ့ရာ ၎င်းတို့အနက် H1N1 ပိုးတွေ့လူနာ ၁၃၂ ဦးရှိပြီး သေဆုံးသူ စုစုပေါင်း ၁၄ ဦးရှိကြောင်း၊ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယနေ့မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၌ H1N1 ပိုးတွေ့ အတွင်းလူနာ ၂၇ ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ် ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၃၅ ဦး စုစုပေါင်း ၆၂ ဦးဆက်လက် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ယနေ့အထိ ဆေးရုံတက်ရောက်ကုသရသော H1N1 ပိုးတွေ့အတွင်းလူနာများ အနက် ရောဂါပျောက်ကင်း၍ ဆေးရုံဆင်းလူနာ ၄၅ ဦးရှိခဲ့ကြောင်း။

ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးဒေသများ ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးရှိ အင်းစိန်၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်၊ ညောင်တုန်း၊ ပဲခူးတိုင်းဒေသကြီးရှိ ပဲခူးမြို့နယ်တို့တွင် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(Rapid Response Team)များသည် ဇူလိုင် ၂၄ ရက်မှစ၍ ပိုးတွေ့လူနာများနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ အိမ်များသို့သွားရောက်ပြီး ကျန်းမာရေးပညာပေးခြင်း၊ အတူနေထိုင်သူများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးခြင်း၊ လူနာအိမ်နှင့် အနီးပတ်ဝန်းကျင်အိမ်များတွင် ဖျားနာလူနာများ ရှိ၊ မရှိ စုံစမ်း ထောက်လှမ်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း။

ရာသီတုပ်ကွေးရောဂါပိုး Seasonal Influenza A(H1N1)ကို ဂျပန်နိုင်ငံရှိ National Institute of Infectious Disease ဓာတ်ခွဲခန်းသို့ မျိုးရိုးဗီဇပြောင်းလဲမှုရှိ၊ မရှိ၊ ပုံမှန်တုပ်ကွေးရောဂါပိုး ဟုတ်၊ မဟုတ်၊ ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် မျိုးပေါင်းစပ်မှု ရှိ မရှိ ပေးပို့စစ်ဆေးခဲ့ရာ ရောဂါပိုးမှာ တစ်ကမ္ဘာလုံး ပုံမှန်ပျံ့နှံ့သည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ပြီး ပုံမှန်ကုသသည့် Antiviral ဆေးများကို ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းထိ တုံ့ပြန်မှုရှိသည်ကို တွေ့ရှိရကြောင်း။

အထူးသဖြင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားနည်းသူများ အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများကို စနစ်တကျ အထူးသတိပြုလိုက်နာကြရန်လိုအပ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဝေဘာဂီဆေးရုံတွင် H1N1 ရောဂါဖြင့်ကုသမှုခံယူနေသော ဖျာပုံဆေးရုံအုပ်ကြီး ကျန်းမာရေးအခြေအနေကောင်းမွန် လူနာသုံးဦးသက်သာ၍ ဆေးရုံမှဆင်း

**ရန်ကုန် ဩဂုတ် ၄**
ဖျာပုံခရိုင်ပြည်သူ့ဆေးရုံမှ ရာသီတုပ်ကွေး H1N1 ရောဂါဖြင့် ဝေဘာဂီအထူးကုဆေးရုံသို့ တက်ရောက်ကုသမှုခံယူနေသော ဖျာပုံခရိုင် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးသည် ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း အဆိုပါဆေးရုံအုပ် ဒေါက်တာအေးအေးအောင်က ပြောသည်။

"ဆေးရုံအုပ်ကြီးရဲ့ ကျန်းမာရေးအခြေအနေကကောင်းပါတယ်။ ဖျားတာလည်းမရှိတော့ဘူး။ ချောင်းဆိုးတာလည်းမရှိတော့ဘူး။ Guide line အရ အခြေအနေကောင်းရင်ပေးဆင်းမှာပါ"ဟု ဒေါက်တာအေးအေးအောင်က ပြောသည်။

ဝေဘာဂီဆေးရုံကြီးတွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ H1N1 ရောဂါဖြင့် တက်ရောက်ကုသသော လူနာ ၂၈ ဦးရှိပြီး ဩဂုတ် ၃ ရက်တွင် လူနာတစ်ဦးသက်သာ၍ ဆေးရုံမှဆင်းသွားကြောင်း၊ ထိုနေ့ညမှာပင် လူနာသုံးဦးရောက်ရှိလာပြီး စုစုပေါင်းလူနာ ၃၀ ရှိခဲ့ရာ ယနေ့တွင် လူနာသုံးဦးသက်သာ၍ ဆေးရုံမှဆင်းသွားကြောင်း ဝေဘာဂီဆေးရုံသို့ တက်ရောက်ကုသသော လူနာစာရင်းကို ဒေါက်တာအေးအေးအောင်က ရှင်းပြသည်။

H1N1 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များပူးပေါင်းချမှတ်ထားသည့် Treatment Guide Line Protocol အတိုင်း တစ်နိုင်ငံလုံးရှိဆေးရုံများမှ လူနာများကို ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ညွှန်ကြားထားကြောင်း သိရသည်။

"ပါမောက္ခသမားတော်ကြီးတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စုပေါင်းဆွေးနွေးပြီး လူနာကို ဘယ်လိုအခြေအနေမှာ ဘယ်ဆေးကိုတိုက်၊ ဘယ်ဆေးကိုထိုးဆိုတဲ့ Guide Line ကိုပဲ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြီး ဖြန့်ဝေလိုက်တဲ့အတိုင်း ဆေးရုံတွေမှာကုသမှုပေးနေပါတယ်။ ဆေးရုံအားလုံးကို ဝေဘာဂီမှာကုသသလိုမျိုးပဲ လူအင်အားနဲ့ဆေးဝါးတွေရော၊ ဆေးပစ္စည်းတွေရော ဖြည့်ဆည်းပေးထားတယ်။ ကျန်တဲ့ဆေးရုံတွေအားလုံး ဝေဘာဂီဆေးရုံလိုပဲ ကုသပေးနိုင်မှာပါ"ဟု ဒေါက်တာအေးအေးအောင်က ပြောသည်။

**(ဇာနည်မောင်)**

# ရဲတပ်ဖွဲ့ဝင်များ လက်ကမ်းစာစောင်များဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၄**
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသော တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီအထိ ရာသီတုပ်ကွေး(H1N1)ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောင်လံမြို့ သရက်တောရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၆၃ ဦးတို့အားလည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၃ ဦးတို့အားလည်းကောင်း၊ ကမ်းနားလမ်းရှိ အိမ်ခြေ ၂၀၊ လူဦးရေ ၈၃ ဦးတို့အားလည်းကောင်း Mask(နှာခေါင်းစည်း)များ၊ ဆပ်ပြာများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**





**ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းကကြီးမှူး၍ မင်္ဂလာဒုံမြို့နယ် ကြက်ခြေနီကြီးကြပ်ရေးကော်မတီက ဦးစီးကျင်းပသော H1N1 ကူးစက်ရောဂါကာကွယ်ရေးဟောပြောပွဲကို မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်(ထ/၃)ကျောင်းနှင့် သပြေညိုခန်းမတို့တွင် ဩဂုတ် ၃ ရက် နံနက်ပိုင်းက ဒေါက်တာနိုင်တင်ဂေး ဟောပြောစဉ်။** (ကြေးမုံ)

# ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးမှ H1N1 လူနာသေဆုံး

**မန္တလေး ဩဂုတ် ၄**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် Seasonal Influenza A(H1N1) positive တွေ့ရှိသူ လူနာကိုကျော်စွာဝင်းသည် ဩဂုတ် ၄ ရက် နံနက် ၇ နာရီခွဲခန့်က သေဆုံးသွားကြောင်း သိရသည်။

ဇူလိုင် ၃၀ ရက်က ပြင်ဦးလွင်မြို့ ကျွဲနွားထောက်ကျေးရွာမှ ပြည်သူ့ဆေးရုံသို့ ကျောက်ကပ်ရောဂါဖြင့် ဆေးရုံတွင်ကုသမှုခံယူကာ ကျောက်ကပ်ဆေးနေရသည့် အသက်(၄၄)နှစ်ရှိ လူနာတစ်ဦးဖြစ်ပြီး ဩဂုတ် ၃ ရက် ညနေပိုင်းက ရန်ကုန်မြို့ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနမှ စစ်ဆေးတွေ့ရှိချက်အရ H1N1 positive စစ်ဆေးတွေ့ရှိကြောင်း သိရခြင်းဖြစ်သည်။

ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် H1N1 ဖြင့်သေဆုံးသော ကိုကျော်စွာဝင်းအား ပြင်ဦးလွင်(အခမဲ့)နာရေးကူညီမှုအသင်းက ယင်းနေ့နံနက် ၁၁ နာရီခွဲက (၈)မိုင်သုသာန်သို့ ပို့ဆောင်ကာ မီးသင်္ဂြိုဟ်ကြောင်း သိရသည်။

**(ဝဝ၂)**

# H1N1 ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများအကြောင်း အသိပညာပေးဟောပြော

**ပုသိမ် ဩဂုတ် ၄**
ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲတပ်ဖွဲ့ဝင်မိသားစုများအား H1N1 ရောဂါနှင့်သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တိုင်းရဲတပ်ဖွဲ့တပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းလွင်အောင်နှင့် ဒေါက်တာမေသင်းကိုတို့က H1N1 ရောဂါနှင့်သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများ၊ ဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့် မဖြစ်ပွားမီ ကြိုတင်ကာကွယ်ဆောင်ရွက်ရေးလုပ်ငန်းများ ဟောပြာကြပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**



**ရထားရဲတပ်ဖွဲ့ အမှတ်(၁၈)တပ်ခွဲ တောင်တွင်းကြီးတပ်ခွဲမှူး ရဲအုပ် စန်းထူးနိုင်၊ တပ်စုမှူး ဒုရဲအုပ်ဇော်လွင်ဦးနှင့် တပ်ဖွဲ့ဝင်များက ဩဂုတ် ၂ ရက်တွင် တောင်တွင်းကြီးဘူတာ၌ ရထားစီးရန်စောင့်ဆိုင်းနေသော ခရီးသည်များကို ရထားခဲပေါက်မှု မဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကိုသိရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။** (ရထားရဲတပ်ဖွဲ့)

# နိုင်ငံခြားသားများကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီတုပ်ကွေး H1N1 ရောဂါအကြောင်း အသိပညာပေး

**ကျိုင်းတုံ ဩဂုတ် ၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ကြီးမှူးသည့် နိုင်ငံခြားသားများကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းနှင့် ရာသီတုပ်ကွေး H1N1 ရောဂါအကြောင်း အသိပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၄ ရက်က ကျိုင်းတုံမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ကမ္ဘာလှည့်ခရီးသည်များ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက နိုင်ငံခြားသားကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်လင်းက ရာသီတုပ်ကွေး(H1N1)ရောဂါအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက်တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး နိုင်ငံခြားသားများကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်ဥပဒေများ၊ နည်းဥပဒေများခင်းကျင်းပြသထားမှုနှင့် ရာသီတုပ်ကွေး(H1N1)ရောဂါအကြောင်း အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသထားမှုကို တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အသိပညာပေးရှင်းလင်းပွဲသို့ တက်ရောက်လာသူများအား နိုင်ငံခြားသားများကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာနှင့် ရာသီတုပ်ကွေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**အေးမောင်(ကျိုင်းတုံ)**

# ရာသီတုပ်ကွေးရောဂါ အသိပညာပေးဟောပြော

**ပဲခူး ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်တော်သာကျေးရွာ၌ ဘုရားကြီးမြို့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးနှင့်အဖွဲ့သည် ဩဂုတ် ၄ ရက် ညနေ ၃ နာရီက ကျေးရွာနေပြည်သူများအား ရာသီတုပ်ကွေး(H1N1)ရောဂါဖြစ်ပွားသည့် ရောဂါလက္ခဏာအခြေအနေများ၊ ရှောင်ရန်ဆောင်ရန်၊ သတိပြုနေထိုင်နိုင်ရန်အတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရသေ့တောင်မြို့နယ်အတွင်း အကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့နေသူများအား သွားရောက်ဖမ်းဆီးသည့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းတိုက်ခိုက်ခံရ

**နေပြည်တော် သြဂုတ် ၄**
ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာတွင် အကြမ်းဖက်အဖွဲ့အား ငွေကြေးထောက်ပံ့နေသူများကို သွားရောက်ဖမ်းဆီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရွာအတွင်းရှိ လူအချို့၏ ဝိုင်းဝန်းတိုက်ခိုက်မှုခံရကြောင်း သိရသည်။

အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲမှူး ဥက္ကာအောင်ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၂၅ ဦးသည် ယနေ့နံနက် ၇ နာရီက ရသေ့တောင်မြို့နယ် နယ်မြေ(၁၁) အောက်နန်းရာကျေးရွာတွင် အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးသည့် တရားခံခြောက်ဦးအား ဖမ်းဆီးခေါ်ဆောင်ပြီး ပြန်လည်ထွက်ခွာလာစဉ် ရွာတွင်းမှ လူစုလူဝေးဖြင့် ဝန်းရံခဲ့သဖြင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက လက်နက်ငယ် ၁၅ ချက်ခန့် ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် တရားခံ ခြောက်ဦး အနက်မှ အဒူစောဘူအပါအဝင် နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး နာဆာရူလာ (၃၀)နှစ်၊ ဟိုင်ဘိုဆောင်း (၂၄) နှစ်၊ အာမိန်ဟူဆောင်း(၁၉) နှစ်နှင့် ရာမောက်ဒူလာ(၅၀) နှစ်တို့ လေးဦးသာ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူ လေးဦးနှင့်အတူ အောက်နန်းရာရွာ စာသင်ကျောင်းသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိပြီး ခေတ္တရပ်နားနေစဉ် ကျေးရွာအတွင်းရှိ လူစုလူဝေး ၃၀၀ ခန့်က ထပ်မံဝိုင်းထားပြီး ကိုက် ၅၀ ခန့်အထိ အနီးကပ်တိုးဝင်ကာ လောက်လေး၊ ဂျင်ကလိ၊ တုတ်၊ ဓား များဖြင့် ပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်များက လက်နက်ငယ်အချက် ၅၀ ခန့် လူအုပ်စုအပေါ် ကျော်၍ ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း။

အဆိုပါ လူအုပ်စုကြီးသည် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရွာအနောက်ဘက် စေတီပြင်-အငူမော် သွားကားလမ်းအထိ လိုက်လံတိုက်ခိုက်သော်လည်း ရဲတပ်ဖွဲ့ဝင်များက ထိုးဖောက်၍ ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် သာယာကုန်းကျေးရွာသို့ ရောက်ရှိခဲ့ကြောင်း။

ယခုအခါ ရဲတပ်ဖွဲ့ဝင်များသည် ထွက်ပြေးလွတ်မြောက်သွားသည့် တရားခံနှစ်ဦး ပြန်လည် ဖမ်းဆီးရမိရေးအတွက် အောက်နန်းရာကျေးရွာ အတွင်း ဝင်ရောက်ရှာဖွေရှင်းလင်းလျက်ရှိပြီး တပ်မတော်စစ်ကြောင်းများက ကျေးရွာအပြင်ဘက်မှ ပိတ်ဆို့ရှာဖွေခြင်းများ လုပ်ဆောင်ခဲ့ရာ ကျေးရွာအတွင်း ပြန်လည်ဝင်ရောက်လာသည့် မသင်္ကာသူ အာလီယာမောက်အား ဖမ်းဆီးရမိခဲ့ကာ ဖြစ်စဉ်ဖြစ်ပွားသည့်နေရာများမှ ဓားဦးချွန်တစ်ချောင်း၊ သံပိုက်တစ်လုံး၊ ထိပ်ချွန်ဂျင်ကလိများတစ်ခု၊ သစ်သားလေးခွတစ်လက်၊ သံချောင်းအရှည် တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် သြဂုတ် ၄**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် သြဂုတ် ၄ ရက်တွင် **ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကယားပြည်နယ် လွိုင်ကော်မြို့ မင်္ဂလာရပ် ဟော်ကြီးလမ်း အမှတ်(၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၄-၈-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party) ၏ အလံပုံစံ**



**ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party) ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကုန်ပစ္စည်းများအား တားဆီးဆောင်ရွက်

**ရန်ကုန် သြဂုတ် ၄**
သွင်းကုန်ကြေညာလွှာတွင် ကြေညာတင်ဆောင်လာသည်ထက် ပိုမိုတင်ဆောင်လာသော ကုန်ပစ္စည်းများအား တရားမဝင် ကုန်စည်တားဆီးထိန်းချုပ်ရေးစခန်းများမှ ထိန်းချုပ်ဆောင်ရွက်လျက်ရှိရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် သြဂုတ် ၃ ရက်က တားဆီးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Hino ၁၂ ဘီးယာဉ် တစ်စီး၊ Fuso ၁၂ ဘီးယာဉ် တစ်စီး၊ Canter ခြောက်ဘီးယာဉ် တစ်စီးတို့အား သြဂုတ် ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဦးထုပ် (1x450)(18)Pkgs၊ DVD Player (1x23)(4)Pkgs၊ သံချေးချွတ်ဆေး (1x8)kg(100)Pkgs၊ Paint (မှုတ်ဆေးဘူး) (1x48)(30)Pkgs၊PVC Flooring (၁၀၀)လိပ်၊ Solar Panel (35W) (1x5)(10)Pkgs၊ Shopping Bag (1x300)(5)Pkgs (စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂၁ ဒသမ ၄၇၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို မတ် ၁ ရက်မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးကျပ် ၂၁ ဒသမ ၄၇၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၂၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးကျပ် ၂၂ ဒသမ ၇၁၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

# ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

**ကျောက်တံခါး သြဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၈/၇)နှင့်(၁၁၉/၀)အကြား ကျွန်းကုန်းကျေးရွာအနီး၌ သြဂုတ် ၄ ရက် နံနက် ၂ နာရီက ယာဉ်နှစ်စီး လမ်းလယ်၌ မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း စောဖောကဒေါ်ကီး (၃၀)နှစ် မောင်းနှင်သော ယာဉ်နှင့် မျက်နှာချင်းဆိုင်မှလာသော ယာဉ်မောင်း ထွန်းထွန်းဝင်း (၃၀)နှစ် မောင်းနှင်လာသော ၂၂ ဘီးတွဲယာဉ်တို့သည် လမ်းလယ်၌ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်းနှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



# ကွတ်ခိုင်မြို့နယ်အတွင်း မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးရည်၊ ဆက်စပ်ပစ္စည်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် သြဂုတ် ၄**
မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂ ရက် ညနေ ၄ နာရီခွဲခန့်က နောင်ချိုမြို့အဝင်၌ လီကျားချိန်နှင့် လီဖူးကွေးတို့နှစ်ဦးထံမှ ဘိန်းဖြူနှင့် စိတ်ကြွ ရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်မှ ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ထုတ်လုပ်အသုံးပြုသည့် ပစ္စည်းများနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ကွင်းဆက်တရားခံ လော်စန်းနေထိုင်သည့် ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာနေအိမ်အား ရှာဖွေရာ လော်စန်းအား နေအိမ်၌ မတွေ့ရှိဘဲ အားချီနှင့် အားလူတို့ကို တွေ့ရှိရပြီး လော်စန်း၏ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၆၀ ကိုလည်းကောင်း၊ ခြံဝင်းအတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဓာတုဆေးရည်နှင့်



**အားလူ(ခ) မျိုးလှိုင်ဝင်းနှင့် အားချီ(ခ)သိန်းသန်းအောင်တို့အား သိမ်းဆည်းရမိ ဓာတုဆေးရည်၊ ဆက်စပ်ပစ္စည်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

ဆက်စပ်ပစ္စည်းများ ဖြစ်သည့် ဆာလ်ဖျူရစ်အက်စစ် လီတာ ၁၀၈၀၊ စတီးဇလုံအကြီး ငါးလုံး၊ ဒန်ဇလုံအကြီး ငါးလုံး၊ လေမှုတ်စက် တစ်လုံး၊ အဖုံးပါကြွေဇလားအကြီး နှစ်လုံး၊ ဂက်စ်အိုး ငါးလုံး၊ ကြွေဇလုံအကြီး ငါးလုံး၊ အဖြူရောင်ကော်ပုံးအကြီး အလုံး ၂၀၊ အနီရောင်ကော်ဇလုံအကြီး နှစ်လုံး၊ အသေးနှစ်လုံး၊ မွှေစက် အသေး တစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ကားဂိုဒေါင်အတွင်းရှိ မော်တော်ယာဉ်ပေါ်မှ စတီးမွှေစက် အကြီးနှစ်လုံးနှင့် မော်တော်ယာဉ် နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အားလူ(ခ) မျိုးလှိုင်ဝင်း၊ အားချီ(ခ) သိန်းသန်းအောင်နှင့် လော်စန်း(ခ) အားတား (ဖမ်းမမိသေး)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပီအက်စ်ဂျီအသင်း၏ ရည်မှန်းချက်များကြောင့် ဖခင်ဆန္ဒကို ဆန့်ကျင်ပြီး အသင်းပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးရှင် နေမာ ပြောကြား







ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး နေမာကို ဘာစီလိုနာမှ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို ၂၂၂ သန်း (ပေါင်သန်း ၂၀၀) ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။ နေမာ၏ ပေါင်သန်း ၂၀၀ တန် အပြောင်းအရွှေ့ဖြစ်မြောက်လာခဲ့ခြင်းက ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း ဂျူဗင်တပ်မှ မန်ယူသို့ ပြောင်းရွှေ့သွားသည့် ပေါ့ဘာ၏ ပေါင် ၈၉ သန်းတန် ပြောင်းရွှေ့မှုထက်ပင် နှစ်ဆကျော် များပြားနေသည့် စံချိန်တင်ကြေး ဖြစ်လာခဲ့သည်။

"ပီအက်စ်ဂျီရဲ့ ရည်မှန်းချက်တွေက ကျွန်တော့်ကို ဆွဲဆောင်နိုင်ခဲ့ပြီး အရှုံးအမူးချစ်မြတ်နိုးမှု၊ စွမ်းအင်တွေကလည်း အခြားတွဲဖက်ပါလာတဲ့ အကြောင်းတရားတွေပါ။ ကျွန်တော် ဥရောပမှာ လေးနှစ်ကစားပြီခဲ့ပြီးဖြစ်တာကြောင့် စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ဖို့လည်း အသင့်ပါပဲ"ဟု နေမာက ဆိုသည်။

နေမာသည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် သူ၏ အင်စတာဂရမ် စာမျက်နှာမှတစ်ဆင့် ဗီဒီယိုဖြင့် ဘာစီလိုနာပရိသတ်များကို နှုတ်ဆက်စကားပြောကြားခဲ့ရာတွင် သူ၏ဖခင်က ဘာစီလိုနာတွင် ဆက်နေရန် အကြံပေးမှုပြုခဲ့သည့်သဘောကို အရိပ်အမြွက်ပြဆိုခဲ့သည်။ နေမာက "ကျွန်တော့်ဘဝရဲ့ ဒုတိယအချိန်ကို ရောက်လာတဲ့အခါမှာ ဖခင်နဲ့ ဆန့်ကျင်မှုပြုခဲ့ရပါတယ်။ ဖေဖေရေ၊ ဖေဖေ့ရဲ့အမြင်ကို လေးစားသလိုနားလည်းလည်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဆုံးဖြတ်ချက်ချပြီးပါပြီ။ ကျွန်တော့်ကို ဆက်လက် ပံ့ပိုးပေးပါဦး။ ဘာစီလိုနာပရိသတ်တွေကို ကျွန်တော် ဘယ်တော့မှာ မေ့မှာမဟုတ်ပေမယ့် စိန်ခေါ်မှုအသစ်တွေ ရင်ဆိုင်ဖို့ ကျွန်တော် လိုအပ်နေပါတယ်"ဟု အင်စတာဂရမ် စာမျက်နှာမှတစ်ဆင့် ဖွင့်ဟခဲ့သည်။

ဘာစီလိုနာအသင်းက ဩဂုတ် ၂ ရက်မှာပင် နေမာကို ကလပ်အသင်းမှ ထွက်ခွာခွင့်ပြုလိုက်ပြီဟု ထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ပြီး နောက်တစ်ရက်အကြာမှာပင် ပီအက်စ်ဂျီသို့ နေမာ အပြီးသတ်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ စပိန်နိုင်ငံတွင် ကစားသမားတစ်ဦး အသင်းပြောင်းရွှေ့လိုပါက သူ၏စာချုပ်ပါ ထွက်ခွာခွင့် အချက်အတိုင်းငွေကြေးကို သူကိုယ်တိုင် ပေးချေနိုင်သည့်စနစ် ပြဋ္ဌာန်းထားသည်။ ဩဂုတ် ၃ ရက် နံနက်အစောပိုင်းက နေမာ၏ ရှေ့နေက အပြောင်းအရွှေ့ကိစ္စရပ်ကို ညှိနှိုင်းခဲ့ရာ လာလီဂါအရာရှိများက ဘဏ္ဍာရေးမူခြေစည်းမျဉ်းနှင့် ငြိစွန်းမည်ကို စိုးရိမ်သဖြင့် ပယ်ချခဲ့သေးသော်လည်း အပြီးသတ် ပြောင်းရွှေ့မှု လျင်လျင်မြန်မြန်ပြီးပြတ်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လ်ခီလိုင်ဖီက ချန်ပီယံလိဂ်ဖလားရရှိရေးမှာ ကလပ်အသင်း၏ ထိပ်ဆုံးရည်မှန်းချက်ဟု ခံယူထားပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာကို ဒုတိယအကျော့တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် မထင်မှတ်ဘဲ ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကတည်းက ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူလိုခဲ့ခြင်းဖြစ်သည်။ အယ်ခီလိုင်ဖီက နေမာကို ခေါ်ယူနိုင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူသလို ဖြစ်လိုသည့်အရာများ ပိုမိုနီးကပ်လာပြီဟု ခံစားရကြောင်းလည်း ဆိုခဲ့သည်။

မေလွဲသင်း - စုစည်းသည်

## ဘာစီလိုနာကို ရိလိုက်တာလား ပီအက်စ်ဂျီ




ပီအက်စ်ဂျီအသင်းက နေမာကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူနိုင်ခဲ့ပြီးနောက်မှာ ဘာစီလိုနာကို ရိလိုက်တဲ့ သဘောဆောင်တဲ့ ပို့စ်တစ်ခု တင်ခဲ့ကြောင်း The Sun သတင်းဌာနက ဖော်ပြပါတယ်။ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာစူပါစတား နေမာကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီးနောက် ဘာကာရဲ့ နွေဈေးကွက် ပစ်မှတ်ဖြစ်ခဲ့တဲ့ ကွင်းလယ်လူ ဗာရက်တီ မျက်စိမှိတ် လက်မထောင်ထားတဲ့ ဓာတ်ပုံနှင့်တကွ "မင်းအတွက် ကောင်းသောနေ့ ဖြစ်ပါစေလို့ မျှော်လင့်ပါတယ်"ဆိုတဲ့ စာသားကိုပါ တွဲဖက်တင်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းက ဗာရက်တီကို ဝါရင့်ကွင်းလယ်လူ အင်နီယေစတာနေရာမှာ အစားထိုးဖို့ တောက်လျှောက်ချဉ်းကပ်ခဲ့တာဖြစ်ပြီး အီဗီဇာအပန်းဖြေကျွန်းမှာ လျှို့ဝှက်တွေ့ဆုံမှုများ ရှိခဲ့တယ်လို့ သိရပါတယ်။ ဗာရက်တီကိုယ်တိုင်ကလည်း နွေအားလပ်ရက်အပြီး ပြန်လာချိန်မှာ ပီအက်စ်ဂျီအသင်းဖော်တွေနဲ့အတူ လေ့ကျင့်မှုမပြုဘဲ တစ်ဦးတည်း လေ့ကျင့်မှုပြုခဲ့သည်အထိ သီးခြားခွဲထွက်ခဲ့တဲ့ အခြေအနေရောက်ခဲ့သေးတာပါ။ ဒါပေမယ့် ပီအက်စ်ဂျီက ဗာရက်တီ ထိန်းထားရေးကို နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းခဲ့သလို ဘယ်လောက်ဈေးရရ ရောင်းချမှာမဟုတ်ကြောင်း တုံ့ပြန်ခဲ့ပြီးနောက် ဗာရက်တီနဲ့ ဘာကာတို့ကြား အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နေမာနဲ့ အပြီးသတ်စာချုပ်ချုပ်ပြီး နာရီပိုင်းအကြာမှာပဲ ဗာရက်တီ မျက်စိမှတ်လက်ထောင်ထားတဲ့ ပုံကိုတင်ခဲ့ခြင်းက ဘာစီလိုနာကို လှောင်ပြောင်တဲ့ လုပ်ရပ်လို့ သုံးသပ်နေတာဖြစ်ပါတယ်။



## တိုက်စစ်မှူး အီဟီနာချို ပေါင် ၂၅ သန်းဖြင့် လက်စတာအသင်းသို့ အပြီးသတ် ပြောင်းရွှေ့

တိုက်စစ်မှူး အီဟီနာချိုသည် မန်စီးတီးမှ လက်စတာသို့ ဩဂုတ် ၃ ရက်တွင် ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် အပြီးသတ်ရောက်ရှိခဲ့ပြီဖြစ်သည်။ အီဟီနာချိုမှာ လက်စတာအသင်း၏ နွေဈေးကွက် အဓိကပစ်မှတ်ဖြစ်ပြီး မန်စီးတီးအသင်းအတွက် ၆၄ ပွဲကစားပြီး ၂၁ ဂိုး သွင်းယူနိုင်သည့် ဂိုးသွင်းစွမ်းရည်မှာ ထိပ်တန်းကစားသမားတစ်ဦး၏ အကောင်းဆုံးစွမ်းဆောင်ရည်ဟု နည်းပြ ခရိတ်ရှိတ်စပီးယားက ချီးကျူးစကားဆိုခဲ့သည်။

နာချိုက လက်စတာဂျာစီဝတ်ဆင်ပြီး သူဘာလုပ်ပြနိုင်သည်ဆိုသည်ကို သက်သေပြရန် မစောင့်ဆိုင်းနိုင်လောက်အောင်ပင်ဖြစ်နေသည်ဟု ကစားသမားမိတ်ဆက်အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။ မှတ်တမ်းများအရ အီဟီနာချိုမှာ ၁၀၆ ဒသမ ၅ မိနစ် ပျမ်းမျှတစ်ဂိုးနှုန်း သွင်းယူနိုင်သည်ဖြစ်ရာ မန်စီးတီးတိုက်စစ်မှူး အဂွဲရိုး (၁၀၈ ဒသမ ၅၅ မိနစ် တစ်ဂိုး)နှင့် ပရီမီယာလိဂ် ရွှေဖိနပ်ဆုရှင် ဟယ်ရီကိန်း(၁၀၉ ဒသမ ၂၄ မိနစ်)တို့ထက်ပင် မိနစ်အလိုက် ပျမ်းမျှဂိုးသွင်းယူမှု ပိုမိုကောင်းမွန်သည့် တိုက်စစ်မှူးဖြစ်နေသည်ကို တွေ့ရသည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာလက်အောက်တွင် ပွဲထွက်ခွင့်နည်းပါးသော်လည်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း မန်ယူကို အနိုင်ကစားခဲ့သည့် ပွဲစဉ်တွင် မန်စီးတီးအတွက် ပွဲထွက်ခွင့်ရခဲ့သည်။ သို့သော် ဇန်နဝါရီဈေးကွက်အတွင်း လူငယ်တိုက်စစ်မှူး ဂါဘရီရယ် ဂျီးဆပ်ဇ်ရောက်ရှိလာပြီးနောက်ပိုင်း ပွဲထွက်ခွင့် လုံးဝမရှိသလောက်ဖြစ်ခဲ့ရသည်။ ရှိတ်စပီးယားက အီဟီနာချိုမှာ ဝင်ရောက်ကစားသည့်ပွဲတိုင်း သူ၏ခြေစွမ်းအဆင့်တစ်ရပ်ကို ပြသနိုင်သူဖြစ်ရာ လက်စတာအသင်းအတွက် ကောင်းမွန်တဲ့ ခေါ်ယူမှုဖြစ်လာမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

## အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ကော်စတာကို ဘာပြောခဲ့သလဲဆိုတာ ရော့ဒ်ဟိုးဒင်း ဖွင့်ဟ

ပြီးခဲ့တဲ့နှစ် အက်ဖ်အေဖလလားဗိုလ်လုပွဲမှာ အာဆင်နယ်နောက်ခံလူ ရော့ဒ်ဟိုးဒင်းနဲ့ ကော်စတာတို့အကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီး အဲဒီအချိန်အတွင်း ကော်စတာကို သူ ဘာပြောသလဲဆိုတာကို ဟိုးဒင်းက အင်တာဗျူးတစ်ခုကို ဖွင့်ဟလိုက်ပါပြီ။

မေလအတွင်း ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်တစ်လျှောက်လုံးမှာ ဟိုးဒင်းနဲ့ ကော်စတာတို့ တောက်လျှောက် ပဋိပက္ခအသွင် ဖြစ်ခဲ့တာဖြစ်ပြီး ဟိုးဒင်းက ကော်စတာ ကို "စဉ်းစားဦး"ဆိုတဲ့ အမူအယာနဲ့ နှုတ်ကလည်း တစ်စုံတစ်ရာကို လှမ်းပြောခဲ့တဲ့နောက် ကော်စတာကလည်း ဒေါသတကြီးပုံစံနဲ့ တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။ ဟိုးဒင်းအနေနဲ့ ကော်စတာကို ဘာပြောခဲ့သလဲဆိုတာ ဘယ်သူမှ တိတိကျကျ မသိခဲ့ပေမယ့် အာဆင်နယ်အသင်းရဲ့ အမေးနဲ့ အဖြေကဏ္ဍမှာတော့ ဟိုးဒင်းက "ပြင်းထန်တဲ့ စကားပေါ့။ ကျွန်တော်က သူ့ကို (ကော်စတာ)ကို မိုက်မဲရူးသွပ်သူလို့ ပြောခဲ့တာပါ။ ကျွန်တော်က သူပွဲကို ဘယ်လိုကစားချင်သလဲဆိုတာကို သိခဲ့တယ်။ သူက စိတ်ကိုဆွပြီး ပွဲကို ကစားချင်ခဲ့တာပါ" လို့ ပြန်လည်ဖြေကြားခဲ့တာဖြစ်ပါတယ်။ ထို့ပြင် ကော်စတာက သူ၏ရင်ဘတ်ကို တမင်ရွေးချယ်ကန်ခဲ့ပြီး ဒီလိုလုပ်ရပ်မျိုးအတွက် လေးစားမှုရှိသင့်တယ်လို့ သူ့အနေနဲ့ ထင်မြင်ကြောင်းလည်း ဟိုးဒင်းက ပြန်ပြောင်းပြောကြားခဲ့ပါတယ်။

အာဆင်နယ်အသင်းဟာ အဲဒီပွဲမှာ ချယ်လ်ဆီးကို အနိုင်ယူပြီး သူတို့အသင်းအတွက် (၁၃)ကြိမ်မြောက် အက်ဖ်အေဖလားကိုရယူခဲ့ပြီး အက်ဖ်အေဖလားရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းသစ်တစ်ရပ်ကိုပါ စိုက်ထူခဲ့ပါတယ်။

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(၄) တီထွင်မှုသည် နိုင်ငံတော်တွင် ထုတ်လုပ်ခြင်းမှသော်လည်းကောင်း၊ တင်သွင်းခြင်းမှ သော်လည်းကောင်း လုံလောက်သည့်အရေအတွက် သို့မဟုတ် အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် နိုင်ငံတော်တွင် မရရှိနိုင်ခြင်း၊

(၅) စီးပွားဖြစ်စေနိုင်၍ အရေးပါသော နည်းပညာအဆင့်မြင့်မှုတစ်ရပ် ပါရှိသော တီထွင်မှုအတွက် တောင်းဆိုထားသည့် ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသည့် တီထွင်မှုနှင့်ဆက်စပ်နေပြီး ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်အား အသုံးမပြုဘဲ မဆောင်ရွက်နိုင်ခြင်း။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ လျှောက်ထားလာသော လျှောက်ထားတောင်းဆိုချက်ကို စိစစ်၍ ကော်မတီသို့ တင်ပြရမည်။ ဦးစီးဌာန၏တင်ပြချက်အပေါ် ကော်မတီသည် နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၄။ (က) ကော်မတီသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ တောင်းဆိုချက်အပေါ် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန် ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီးနောက် မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ရသော အခြေအနေများသည် ရပ်စဲသွားလျှင် သို့မဟုတ် ထပ်မံဖြစ်ပွားဟန် မရှိတော့လျှင်သော်လည်းကောင်း၊ အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယင်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း ယင်းလိုင်စင်ကို ရပ်စဲရမည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဖော်ပြစေကာမူ ကော်မတီသည် အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင်အကျိုးစီးပွားအား လုံလောက်သော အကာအကွယ်ပေးရန် လိုအပ်ချက်သည် ယင်းလိုင်စင်ကို ဆက်လက်အသုံးပြုခွင့်ပေးရန် ဆုံးဖြတ်ချက်နှင့် ညီညွတ်မျှတသည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သောလုပ်ရပ်ကို ကုစားနိုင်ရန် ထုတ်ပေးထားသော လိုင်စင်ဖြစ်ခဲ့လျှင်သော် လည်းကောင်း၊ မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးရန်အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အဆိုပါလိုင်စင်ကို ရပ်စဲခြင်း မပြုရ။

၆၅။ မလွှဲမသွေပေးရမည့်လိုင်စင်သည် သီးသန့်အခွင့်အရေး မရရှိနိုင်သော လိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် အသုံးပြုခွင့်မရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူကိုယ်တိုင် နိုင်ငံတော်တွင် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ယင်း၏တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူမှ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးရန် သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၄၉ တွင် ပါရှိသော ယင်း၏ အခွင့်အရေးများအား ဆက်လက်ကျင့်သုံးခြင်း။

၆၆။ ဦးစီးဌာနသည် ပုဒ်မ ၆၃ အရ မလွှဲမသွေပေးရမည့်လိုင်စင်ထုတ်ပေးသည့်အခါ-

(က) ထိုသို့လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဖြစ်နိုင်သရွေ့ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုကို စတင်အသုံးပြုရမည့် နေ့ရက်၊ လိုင်စင်သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ပေးအပ်ရမည့် နစ်နာကြေးကို ကော်မတီက သတ်မှတ်ပေးသည့်အတိုင်း ထည့်သွင်းဖော်ပြပေးရမည်။

၆၇။ (က) တူညီသောဆေးဝါးထုတ်ကုန်ကို ပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေတွင် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်ကို ထုတ်လုပ်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ခုအတွက် တောင်းဆိုထားသော တီထွင်မှုမူပိုင်ခွင့်တစ်ခုအား မလွှဲမသွေပေးရမည့် လိုင်စင်ကို တောင်းဆိုလျှောက်ထားခြင်းအတွက် နစ်နာကြေးကို ဆုံးဖြတ်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည့် စည်းကမ်းချက်များအတိုင်း ကျင့်သုံးရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ လေးနှစ် သို့မဟုတ် တီထွင်မှု မူပိုင်ခွင့် ခွင့်ပြုသည့်နေ့ရက်မှ သုံးနှစ်မတိုင်မီ ကာလများအနက် ပို၍ နောက်ကျသည့် ကာလအတွင်းတွင် ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ်(၄) တွင် ဖော်ပြ ထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့် ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်သည့် အကြောင်းပြချက်ဖြင့် မလွှဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်း မပြုနိုင်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှု အပေါ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါ လျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို အသုံးချခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တောင်းဆိုချက်အပေါ်တွင် ကော်မတီသည် နှစ်ဖက်စလုံးမှ ဖြစ်စေ၊ တစ်ဖက်တည်းကဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး တီထွင်မှုမူပိုင်ခွင့်ကို တရားဝင်အသုံးချခွင့်ပြုသည့် ဆုံးဖြတ်ချက်ပါ သတ်မှတ်ချက်များအား ပြောင်းလဲသွားသောအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် အတိုင်းအတာအထိ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) မလွှဲမသွေပေးရမည့်လိုင်စင်ကို လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုအား အသုံးပြုနေသည့် စီးပွားရေးလုပ်ငန်းအခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၆၈။ (က) ပုဒ်မ ၆၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄) အရ မလွှဲမသွေပေးရမည့် လိုင်စင်လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်းလိုင်စင်လျှောက်ထားသူထံမှ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် တောင်းဆိုချက်ကို လက်ခံရရှိသော်လည်း အဆိုပါ လျှောက်ထားသည့် ပုဂ္ဂိုလ်သည် သင့်လျော်သော အချိန်အတွင်း သင့်လျော်သော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းမရှိကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်သောကိစ္စရပ်များ သို့မဟုတ် အလွန်အမင်း ဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်သည့် အခြားသော အခြေအနေများ သို့မဟုတ် စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့် ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ ဆုံးဖြတ်ထားသော ယှဉ်ပြိုင်မှုကိုဆန့်ကျင်သော လုပ်ငန်းများအား ကုစားရန် လိုင်စင်ပေးအပ်သည့်အခါများတွင် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ယခင်ကြိုးပမ်းမှုနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားများ ပူးတွဲတင်ပြရန် မလို။

၆၉။ ကော်မတီက လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တီထွင်မှုကို အသုံးပြုခြင်းသည် ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ်(၂) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မလွှဲမသွေပေးရမည့်လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်များကို ထုတ်လုပ်သော ထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှုမူပိုင်ခွင့် တစ်ခုနှင့် သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်နိုင်မှု စွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန် စွမ်းရည်မပြည့်မီသောနိုင်ငံ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါ ထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန်ဖြစ်သည့် အခါတို့မှတစ်ပါး အဓိကအားဖြင့် နိုင်ငံတော်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၇၀။ ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၅) အရ မလွှဲမသွေပေးရမည့်လိုင်စင် ခွင့်ပြုသည့် အခါ-

(က) ပထမတီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန် အသုံးပြုခွင့်လိုင်စင် ရရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို လွှဲအပ်လုပ်ကိုင်ခွင့် မရှိစေရ။

၇၁။ မလွှဲမသွေပေးရမည့်လိုင်စင်ခွင့်ပြုပေးရန် တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက်အပါအဝင် ယင်းလိုင်စင် ခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား မကျေနပ်သူသည် တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၇)
## တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း

၇၂။ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို ယင်း၏ဆန္ဒအလျောက် ဦးစီးဌာနတွင် ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများ ပူးတွဲရရှိထားခြင်းဖြစ်ပြီး ယင်းတို့အချင်းချင်း အခြားနည်းဖြင့် သဘောတူညီချက်တစ်စုံတစ်ရာမရှိလျှင် ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ အားလုံး၏ သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို ဦးစီးဌာနတွင် ပြန်လည်အပ်နှံနိုင်သည်။

၇၃။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် ပြန်လည်အပ်နှံခြင်းကိုစိစစ်၍ ယင်းသို့ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူသိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော တီထွင်မှုမူပိုင်ခွင့်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများကိုထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် အဆိုပါ တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၅။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ တီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့် တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းနိုင်သည် -

(က) တီထွင်မှုသည် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့အရ တီထွင်မှုမူပိုင်ခွင့်ရနိုင်သော တီထွင်မှုမဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကိုရခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်ခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တွင် ပြင်ဆင်မှုများသည် ဖော်ပြချက်ကို ထုတ်ပြန်ကြေညာခဲ့စဉ်က မူလလျှောက်ထားချက်တွင် တောင်းဆိုထားသည့် အရာများထက် ကျော်လွန်နေကြောင်း တွေ့ရှိခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသည့် အရေးပါသော သတင်းအချက်အလက် တစ်ရပ်ရပ်ကိုချန်လှပ်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်တွင် တောင်းဆိုထားသော တီထွင်မှုကို ဦးစားပေးနေ့ရက်မတိုင်မီ လျှို့ဝှက်စွာ အသုံးပြုထားခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လိုအပ်သောသတင်းအချက်အလက်များကို မှတ်ပုံတင်အရာရှိထံ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သတင်းအချက်အလက်များကို မှားယွင်းစွာ ဖော်ပြထားခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့် ရုပ်သိမ်းပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၇၆။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) လျှောက်ထားသူသည် ပုဒ်မ ၃၉ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားရှိရန် အမိန့်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ) ကိုဖောက်ဖျက်၍ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း၊

(ခ) ပုဒ်မ ၄၆ ပုဒ်မခွဲ (ခ) အရ အခကြေးငွေပေးသွင်းထားမှုမရှိခြင်းကြောင့် ပျက်ပြယ်ခြင်း၊

(ဂ) တီထွင်မှုတွင် အသုံးပြုထားသော မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှဆင်းသက်လာသော တီထွင်မှုတွင် ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ အတိုင်း သတ်မှတ်ဖော်ပြမထားခြင်း သို့မဟုတ် မမှန်မကန် ဖော်ပြထားခြင်း၊

၇၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းပါက ယင်းသို့ ရုပ်သိမ်းကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံ အကြောင်းကြား၍ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ အဆိုပါရုပ်သိမ်းခြင်းကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၈)
## အသေးစားတီထွင်မှု

၇၈။ (က) အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် မှတ်ပုံတင်လျှောက်ထားနိုင်သည်။

(ခ) အောက်ပါတို့သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိစေရ-

(၁) ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊

(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာ အရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ သို့မဟုတ် အခြားသောအရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(၃) ဤဥပဒေနှင့်အညီ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ပေးခြင်းမှ တားမြစ်ထားသော အရာများနှင့်

(၄) ပန်းပု၊ ဗိသုကာလက်ရာများ သို့မဟုတ် သဘာဝအတိုင်း တည်ရှိနေသော အလှအပအဆင်တန်ဆာများ။

(ဂ) အသေးစားတီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သက်ဆိုင်ရာ နည်းပညာနယ်ပယ်ရှိ သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါ အသေးစားတီထွင်မှုကို ဆက်လက်ပြုလုပ်နိုင်သည်အထိ ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး အထူးသဖြင့် အရာဝတ္ထု၏ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်ချက်များအား မည်သို့မြှင့်တင်ပေးထားသည်ကို ဖော်ပြရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# မန္တလေးမြို့ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားသို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ ညနေပိုင်းတွင် လာရောက်မှုပိုမိုများပြား

**အောင်မြေသာစံ ဩဂုတ် ၄**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိသမိုင်းဝင် မဟာသကျမာရဇိန် ကျောက်တော်ကြီး ဘုရားသို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက် လေ့လာမှုများပြားလျက်ရှိရာ ညနေပိုင်း၌ ဘုရားဖူးပြည်သူများ ပိုမိုစည်ကားလျက်ရှိကြောင်းသိရသည်။

"ကျောက်တော်ကြီးဘုရားအနီးမှာ သတ္တဌာနတွေ တည်ဆောက်ပြီးကတည်းက ဘုရားဖူးများလာရောက်မှုများပြားလျက်ရှိကြောင်း၊ ညနေပိုင်းတွေမှာဆိုရင် ဘုရားဖူးခရီးသွား ပိုမိုလာရောက်လျက်ရှိကြောင်း၊ နေ့စဉ်ဘုရားဖူးစည်ကားများပြားလျက်ရှိကြောင်း၊ ပြည်ပခရီးသွားရော၊ ပြည်တွင်းခရီးသွားတွေရောပါပဲ" ဟု အဆိုပါဘုရားအနီးတွင် ရောင်းချနေသောဈေးဆိုင်ပိုင်ရှင်တစ်ဦးကပြောပြသည်။



ကျောက်တော်ကြီးဘုရားကို ပဥ္စမသင်္ဂါယနာတင်ဘဝရှင်မင်းတုန်းမင်းတရားကြီးက စတင်တည်ထားခဲ့ပြီး မန္တလေးမြို့ မြောက်ဘက် ၃၂ မိုင်အကွာ စကျင်ကျောက်တောင်မှ မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ် ကျောက်တုံးတော်ကြီး တွေ့ရှိခဲ့ပြီး ကျောက်တုံးတော်ကြီးပုံသဏ္ဍာန်မှာ တစ်လုံးတစ်ခဲတည်းဖြစ်သည်။ မကွေးမြို့စားဝန်ကြီး၊ မြတောင် မြို့စားသေနတ်ဝန်ကြီးနှင့်လက်တက်ကျောက်ဆတ်သမားများက၁၂၂၆ ခုနှစ်၊ ဝါခေါင်လတွင် စကျင်တောင်၌ ရုပ်ပွားတော် စတင်ထုလုပ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ရွေ့လျားကွင်းဆင်းအဖွဲ့(Mobile Team)အဖြစ် မော်လူးဒေသအတွင်း ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**အင်းတော် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသအတွင်း တိုင်းဒေသကြီးငှက်ဖျားဌာနမှ ဦးဆန်းမြင့်ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၃ ရက်ညနေပိုင်းက ကုန်းခါးကျေးရွာမှစတင်ကာ ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ရွေ့လျားကွင်းဆင်းအဖွဲ့ (Mobile Team) ဖြစ်ပါတယ်။ တိုင်းဒေသကြီး ငှက်ဖျားဌာနမှဦးဆန်းမြင့်ဦးဆောင်ပြီး အင်းတော်မြို့နယ် ငှက်ဖျားအဖွဲ့ မော်လူးတိုက်နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ ပါဝင်ပူးပေါင်းပြီး ကျေးလက်နေပြည်သူများကို ကျန်းမာရေးအသိပညာပေးခြင်း၊ ငှက်ဖျားသွေးဖောက်စစ်ဆေးပေးခြင်း၊ ဆေးဝါးကုသမှုများပေးခြင်းတို့ကိုလုပ်ဆောင်ပေးသွားမှာပါ။ ကုန်းခါးကျေးရွာမှာ ဩဂုတ် ၃ ရက် ညနေပိုင်းမှ စတင်ပြီး လုပ်ဆောင်ရတာဖြစ်လို့တစ်ရွာတည်းပဲပြီးပါတယ်။ ဒီရွာမှာတော့ လူနာ ၅၀ အား လိုအပ်တဲ့ဆေးဝါးကုသမှုများပေးခဲ့ပါတယ်"ဟု မော်လူးတိုက်နယ်ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁) ဦးကြည်ကိုကိုက ပြောကြားသည်။

အဆိုပါအဖွဲ့မှာ ညောင်ကုန်း၊ နောင်ကွတ်၊ ညောင်ပင်ဆိပ်၊ လေဘို၊ နမီး၊ ကွင်းပို့၊ နားဖာ၊ နားမကြိုင်း(နောက်)၊ နားမကြိုင်း(အရှေ့)၊ ခေါင်တုန့်စည်ကျေးရွာတွေက ပြည်သူတွေကို ဩဂုတ် ၇ ရက်အထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ငှက်ဖျားသွေးဖောက်စစ်ဆေးပေးခြင်း၊ ဆေးဝါးကုသမှုများပေးခြင်းတို့ကိုလုပ်ဆောင်ပေးသွားမှာဖြစ်ကြောင်းသိရသည်။

**မောင်ချစ်လင်း(အင်းတော်)**

# ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော

**မောက်မယ် ဩဂုတ် ၄**

ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးအသိပညာများ သိရှိစေရေးနှင့် H1N1 ရောဂါကာကွယ်ရန် နည်းလမ်းများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဦးစီးဌာနကဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် မြို့ပေါ်(၇) ရပ်ကွက်၊ ဩဂုတ် ၂ ရက်တွင် မြို့မရဲစခန်းနှင့် ဈေးတန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ဩဂုတ် ၃ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းသို့ ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပြီး လူစည်ကားသော ငါးရက်တစ်ပတ်ဈေးရှေ့တွင် လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဝေငှတပ်ဆင်ပေးကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းနှင့် မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာဟိန်းဇာလင်းတို့က ရာသီတုပ်ကွေးရောဂါ H1N1ကူးစက်ခံရသူမရှိစေရေးအတွက် ရောဂါကာကွယ်ရန်နည်းလမ်းများအတိုင်း စနစ်တကျဆောင်ရွက်ရန်၊ ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသောရောဂါကာကွယ်ရန်နှင့် ရောဂါလက္ခဏာတွေ့ရှိပါက နည်းလမ်းများအတိုင်း စနစ်တကျနေထိုင်၍ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ဆေးဝါးကုသခံယူရန်စသည်များကို ပရိုဂျက်တာနှင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



# မန္တလေးဆိပ်ကမ်းဧရိယာအတွင်းရှိ ရေယာဉ်များမှ စည်းကြပ်ခနှင့် ဒဏ်ကြေးငွေ တစ်လအတွင်း သိန်းငါးဆယ်ကျော်ရရှိ

**မန္တလေး ဩဂုတ် ၄**

မန္တလေးဆိပ်ကမ်းဧရာဝတီမြစ်အတွင်းရှိ ရေယာဉ်များအား စိစစ်၍အရေးယူမှုလုပ်ဆောင်ရာတွင် ဇူလိုင်လတစ်လအတွင်း စည်းကြပ်ခနှင့် ဒဏ်ကြေးငွေကျပ် ၅၆၇၇၄၀၀ ရရှိကြောင်း မန္တလေးတိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များကြီးကြပ်ရေးကော်မတီရုံး၏စာရင်းများအရ သိရသည်။

"အခုရရှိတဲ့ငွေတွေက တိုင်းဒေသကြီးရန်ပုံငွေပေါ့။ ဒီနေ့ကောက်လို့ရတာ ဒီနေ့ဘဏ်ကိုတစ်ခါတည်းသွင်းတယ်။ ဝန်ထမ်းစရိတ်တို့ အသုံးစရိတ်နဲ့ပစ္စည်းစရိတ်ပြန်တင်တာပေ့ါ။ သူတို့ကစာရင်းနဲ့ပြန်ချပေးတာပါ"အဆိုပါကော်မတီရုံးမှ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေယာဉ်အသင်းဝင် မှတ်ပုံတင်ကြေး၊ ရေယာဉ်စည်းကြပ်ခ၊ ဒဏ်ကြေးများကို ၂၀၁၇ ခုနှစ် မေ ၂၆ ရက်မှစတင်ခွင့်ပြုခဲ့ပြီး အဆိုပါကော်မတီရုံးမှ ဇူလိုင် ၁ ရက်မှ အကောင်အထည်ဖော်ဆောင်ရွက်ကာ မန္တလေးဆိပ်ကမ်းဧရိယာဧရာဝတီမြစ်အတွင်း၌ စိစစ်အရေးယူမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးဥပဒေဆိုတာ မန္တလေးတိုင်းဒေသကြီးကပြဋ္ဌာန်းတဲ့ ဥပဒေပေါ့။ ကျွန်တော်တို့ စည်းကမ်းထိန်းသိမ်းရေးအနေနဲ့အရေးယူပိုင်ခွင့်ကသတိပေးဆုံးမမယ်။ဒဏ်ကြေးရိုက်တယ်။လိုင်စင်ကို ယာယီပိတ်သိမ်းမယ်ပေ့ါ။ အဲဒါတွေကို ကျွန်တော်တို့ဆောင်ရွက်နေပါတယ်"ဟု အဆိုပါ ကော်မတီရုံးမှခရိုင်ဥက္ကဋ္ဌ ဦးမြအောင်ကပြောသည်။

အဆိုပါအရေးယူမှုများတွင်လိုင်စင်မရှိရေယာဉ်ကြီး ၁၄ စီးဒဏ်ကြေးငွေတစ်စီးလျှင် တစ်သိန်းကျပ်၊ ရေယာဉ်လိုင်စင်သက်တမ်းလွန်အစီး ၂၀ ဒဏ်ကြေးငွေတစ်စီးလျှင် ငါးသောင်းကျပ်၊ ရေယာဉ်လုပ်ငန်းလိုင်စင်မရှိ တစ်စီး ဒဏ်ကြေးငွေ တစ်သိန်းကျပ်၊ ရေယာဉ်လုပ်ငန်းလိုင်စင်သက်တမ်းလွန် ၁၄ စီး ဒဏ်ကြေးငွေတစ်စီးလျှင် ငါးသောင်းကျပ်၊ CB/OB တွဲလိုင်စင်မရှိ တစ်စီးဒဏ်ကြေးငွေတစ်စီးလျှင် တစ်သိန်းကျပ်၊ တွဲလိုင်စင်သက်တမ်းလွန် ၁၀ စီးဒဏ်ကြေးငွေတစ်စီးလျှင် ငါးသောင်းကျပ်၊ တွဲလုပ်ငန်းလိုင်စင်မရှိ သုံးစီး ဒဏ်ကြေးငွေ တစ်စီးလျှင် တစ်သိန်းကျပ်၊ တွဲလုပ်ငန်းလိုင်စင်လွန် ခြောက်စီးဒဏ်ကြေးငွေတစ်စီးလျှင် ငါးသောင်းကျပ် အသီးသီးဒဏ်ကြေးများ ကောက်ခံရရှိခဲ့သည်။

"ပြည်သူကရွေးထားတဲ့ ပုဂ္ဂလိကရေယာဉ်ပြေးဆွဲရေးဥပဒေအရပြည်သူကိုယ်စားပြုရွေးတဲ့ လူတွေက မျှမျှတတဖြစ်အောင် ပြည်သူ့ဘက်ရောဝန်ထမ်းတွေဘက်ပါ အထောက်အကူပြု ပြန်လည်ထိန်းကျောင်းတဲ့ သဘောမျိုးနဲ့ ကျွန်တော်တို့က လုပ်ဆောင်တာပါ။ သူတို့လုပ်ငန်းလိုင်စင်လုပ်တဲ့နေရာမှာ ဥပဒေကိုမသိနားမလည်တာလည်းပါတယ်။ ပွဲစားအပ်တာလည်းပါတယ်။ အဲဒီအခါမှာ မကြာသင့်ဘဲကြာနေတဲ့ဟာမျိုးတွေကို လုပ်ဆောင်တဲ့ဘက်ကနေ ခြောက်လအတွင်း ပြီးပြတ်အောင်လုပ်ဆောင်နိုင်မယ့်အစီအစဉ်တစ်ခုချမှတ်ဖို့ ပြီးခဲ့တဲ့လကုန်က နေပြည်တော်ပြည်ထောင်စုဝန်ကြီးဆီမှာအကြံပြုတင်ပြထားပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ထို့အပြင်မြင်းကောင်ရေ ၂၀ အောက်စက်တပ်ရေယာဉ်(မြို့နယ်)လိုင်စင်မရှိ ၂၃ စီး ဒဏ်ကြေးငွေတစ်စီးလျှင် တစ် သောင်းကျပ်၊ ရေယာဉ်လိုင်စင်သက်တမ်းလွန် ၂၂စီး ဒဏ်ကြေးငွေ တစ်စီးလျှင် ငါးထောင်ကျပ်၊ လုပ်ငန်းလိုင်စင်မရှိ တစ်စီးဒဏ်ကြေးငွေတစ်စီးလျှင် တစ်သောင်းကျပ် စသည့်တို့အပြင်ရေယာဉ်များမန္တလေးဆိပ်ကမ်းမှအထွက် စည်းကြပ်ခအစီးရေ ၁၀၀ အတွက်ငွေကျပ် ၉၂၇၄၀၀ ကောက်ခံရရှိကြောင်း ယင်းကော်မတီရုံး၏စာရင်းများအရ သိရသည်။

**နဒီလှိုင်း**

# ကန်ကြီးဝရေလွှဲဆည်ပြင်ဆင်နေမှုအားကြည့်ရှုစစ်ဆေး

**တမူး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်ရှိ ကန်ကြီးဝရေလွှဲဆည်အား ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသောအပိုင်းများ ပြန်လည်ပြင်ဆင်နေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။



အဆိုပါ ကန်ကြီးဝရေလွှဲဆည်သည် လယ်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်နေသည့် ဒေသခံတောင်သူလယ်သမားများအတွက် အဓိကရေရရှိရာနေရာဖြစ်သည်။ ထိုရေလွှဲဆည်မှရေကိုအသုံးပြု၍ တောင်သူများ၏ လယ်ယာမြေ ဧက ၁၁၅၀ ကိုရေပေးဝေကာ စိုက်ပျိုးခြင်းဖြစ်၍အချိန်မီပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦး၊ တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်တို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်ဆည်မြောင်းဦးစီးမှူးမှ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့မှ ချောင်းရေတိုက်စား၍ ပျက်စီးနေသောအပိုင်း ပြန်လည်ပြင်ဆင်ခြင်းကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ တာပေါင်များ၊ ရေပေးမြောင်းများ၊ ရေပိုလွှဲများကြံ့ခိုင်မှု ကောင်းမွန်အောင် ဆောင်ရွက်ထားရေးတို့ကိုမှာကြားခဲ့ကြောင်းသိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မန္တလေးမြို့တွင် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံရုံးခွဲသစ် ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၄**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ(IKBZ Insurance)က မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင်(၂၂)လမ်း ရုံးခွဲအသစ်ကို ဩဂုတ် ၄ ရက် နံနက်ပိုင်းကဖွင့်လှစ်ရာ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း(IKBZ Insurance) ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံ(IKBZ Insurance) အနေဖြင့် မန္တလေးမြို့၌ ၂၀၁၃ ခုနှစ်ကတည်းက ဖွင့်လှစ်၍ အာမခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးရုံးချုပ်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၇၃)လမ်း မင်္ဂလာမန္တလေး၊ Block(5)၊ Unit(1)တွင် ဖွင့်လှစ်ထားရှိပြီး ယခု (၂၂)လမ်းရုံးခွဲအသစ်ကို ဒုတိယရုံးအဖြစ် ဖွင့်လှစ်ပေးခဲ့ကာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို အာမခံအကာအကွယ်ဖြင့် ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံးခွဲပေါင်း (၁၈)ခုအထိ ဖွင့်လှစ်၍ အာမခံဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများက ချီးမြှင့်ပေးအပ်သော အကောင်းဆုံးပုဂ္ဂလိကအာမခံလုပ်ငန်းဆုများစွာကိုရရှိထားကြောင်း သိရသည်။ **(ကြေးမုံ)**



# ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)နှင့် ပတ်သက်၍သတင်းစာရှင်းလင်းပွဲ မွန်ပြည်နယ်၌ ပြုလုပ်

**မော်လမြိုင် ဩဂုတ် ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းဝင်းက ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)နှင့်ပတ်သက်၍ ၎င်းရောဂါသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မွန်ပြည်နယ်တွင် ဖြစ်ပွားမှုမရှိကြောင်း၊ ကြက်ဥ၊ ကြက်သားများကို မွန်ပြည်နယ်အတွင်း သက်ဆိုင်ရာကျန်းမာရေးထောက်ခံချက်များဖြင့် သယ်ယူရောင်းချခွင့်ပြုထားကြောင်း၊ မစားသုံးသင့်ကြောင်း ကြေညာချက်ထုတ်ပြန်ထားခြင်းမရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှလာ သည့်ကြက်သား၊ ကြက်ဥများကိုသာ ရေးမြို့နယ်မှစ၍ မွန်ပြည်နယ်အတွင်း သယ်ယူရောင်းချခွင့်ပိတ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်မင်းထွန်းက ၎င်းရောဂါသည် အနီးကပ်မွေးမြူရေး လုပ်ကိုင်သူများသာ ကြက်ငှက်များမှတစ်ဆင့် ကူးစက်နိုင်ပြီး လူအချင်းချင်းကူးစက်နိုင်ခြင်း မရှိကြောင်း၊ မွန်ပြည်နယ်အတွင်းတွင်လည်း ယင်းရောဂါနှင့်ပတ်သက်၍ ကူးစက်ခြင်းမရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းထောက်များက ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများ ယဉ်ကျေးမှုဆိုင်ရာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ဥပဒေရေးရာ အကာအကွယ်စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ

**အုတ်ဖို ဩဂုတ် ၄**

သာယာဝတီခရိုင် အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်း ဇရာခန်းမ၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက မြန်မာအမျိုးသမီးများယဉ်ကျေးမှုဆိုင်ရာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ဥပဒေရေးရာ အကာအကွယ်စာတမ်းဖတ်ပွဲ အခမ်းအနားကိုကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်ညွှန့်ညွှန့်ဝင်းက အဖွင့်အမှာစကားပြောကြားကာ အမျိုးသမီးရေးရာအဖွဲ့ဝင် အ. ထ. က အေးမြသာယာကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဌေးနှင့် အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ညွှန့်ညွှန့်စိန်တို့က မြန်မာအမျိုးသမီးများနှင့်ယဉ်ကျေးမှုဆိုင်စာတမ်းအပိုင်း(၁) နှင့်(၂)ကိုပြောကြားပြီး မြို့နယ်ပြည်သူ့ကျမ်းမာရေးမြို့နယ်သူနာပြုအဆင့်(၁)ဒေါ်စောအေးမွန်က အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများနှင့် အကျိုးဆက်များအား ဖတ်ကြားရှင်းလင်းသည်။

မြို့နယ်တရားလွှတ်တော်ရှေ့နေဒေါ်ချောစုမြင့်ကအိမ်တွင်းအကြမ်းဖက်မှုအပေါ် ပြည်တွင်းဥပဒေများဖြင့် အကာအကွယ်ပေးခြင်းများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများမှသိရှိလိုသည်များကိုပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြပြီး အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၄၀၀ခန့်တက်ရောက်ခဲ့ကြောင်းသိရသည်။

**အောင်သူ(ပြန်/ဆက်)**

# မြောင်းမြမြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသား ရိုးရာလက်ချည်ပွဲ ကျင်းပ

**မြောင်းမြ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ခွေးလေးကြီးကျေးရွာအုပ်စု ဆင်ကြီးလည်ပင်းကျေးရွာ၌ မြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသားရိုးရာလက်ချည်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် မန်းတင်ထွန်းနိုင်က ကရင်အမျိုးသားရိုးရာလက်ချည်ပွဲ ကျင်းပရခြင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ကရင်အမျိုးသားတေးသီချင်းကို သီဆိုခဲ့ကြကာ ကရင်အမျိုးသားရိုးရာလက်ချည်ပွဲကို ပျော်ရွှင်စွာ စုပေါင်း ဆင်နွှဲခဲ့ကြသည်။



ကရင်အမျိုးသားတိုင်းရင်းသားများ အေးချမ်းခြင်း၊ ရိုးသားဖော်ရွေခြင်း၊ သွေးစည်းညီညွတ်ခြင်း၊ စည်းလုံးခြင်း၊ ရှင်သန်ခိုင်မြဲခြင်း အဓိပ္ပာယ်ဖော်ဆောင်သော ကရင်အမျိုးသားရိုးရာလက်ချည်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်ဆရာမ ဒေါ်ခင်သန်းနွဲ့က ပြောကြားသည်။

အဆိုပါ ကရင်ရိုးရာ လက်ချည်ပွဲသို့ ကရင်အမျိုးသားဗုဒ္ဓဘာသာ ဆရာတော်သံဃာတော်များ၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး၊ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြောင်းမြမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ၊ ရိုမန်ကက်သလစ်ဘာသာ၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ သတ္တမနေ့ဥပုသ်အသင်းတော်မှ ကိုယ်စားလှယ်များ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **အောင်မင်း(မြောင်းမြ)**

# မြဝတီမြို့မှ ပြည်သူများ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ International ဆေးရုံကြီးသို့ H1N1ကာကွယ်ဆေးများသွားရောက်ထိုးနှံ

**မြဝတီ ဩဂုတ် ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ ဒေသခံပြည်သူများမှ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ International ဆေးရုံကြီးသို့ H1N1 ကာကွယ်ဆေးများသွားရောက် ထိုးနှံလျက်ရှိကြောင်း သိရသည်။

မြဝတီမြို့မှမဲဆောက် ဆေးရုံကြီးတွင် ဆေးထိုးပြီးခဲ့သူ ဒေသခံတစ်ဦးက "ဇူလိုင်လ ၂၇ ရက်မှာ ကျွန်တော်မဲဆောက် International ဆေးရုံကြီးမှာ ကာကွယ်ဆေးသွားထိုးခဲ့ပါတယ်။ လူများတော့ မလွယ်လှဘူး။ ထူးခြားတာကတော့ကာကွယ်ဆေးလာရောက်ထိုးကြတဲ့သူတွေဟာမြန်မာတွေချည်းပါပဲ။ ထိုင်းတွေ တစ်ဦးမှမတွေ့ရဘူး။ ဆေးထိုးတာလူဦးရေများတော့ ဆေးရုံကြီးမှာ ဆေးပြတ်သွားတယ်။ ဗန်ကောက်က ဆေးထပ်မှာထားတာ နောက်ထပ် ၄/၅ ရက်လောက်စောင့်ရမယ်။ မဲဆောက်ဆေးရုံကြီးမှာထိုးတဲ့ ကာကွယ်ဆေးက H1N1၊ H3N2၊ Influenza B၊ (Victoria) (Yamagata) အဲဒီ လေးမျိုးကို ကာကွယ်ပေးတယ်လို့သိရတယ်။ ဆေးထိုးတာထိုင်းဘတ်ငွေ ၅၀၀ ပေးရတယ်။ အခုထိုးချင်တဲ့လူတွေအနေနဲ့ ဆေးရုံမှာဆေးမရှိဘူး ကြိုတင်စာရင်းပေးထားရမယ်လို့ သိရတယ်"ဟု ပြောသည်။

မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးက "လူတွေကအစိုးရိမ်လွန်ပြီး မဲဆောက်ထိသွားထိုးကြတာပါ။ ကျွန်မတို့ဆေးရုံကြီးမှာတော့ ဆေးရုံဝန်ထမ်းတွေကိုပဲကာကွယ်ဆေးထိုးပေးဖို့ ကျန်းမာရေးဝန်ကြီးဌာနက ဆေးတွေပို့ပေးထားတယ်။ ဝန်ထမ်းတွေက လူနာတွေကိုနေ့စဉ် ကိုင်တွယ်ထိတွေ့နေရတာကိုး၊ ပြည်သူတွေကိုထိုးပေးဖို့အထိတော့ ညွှန်ကြားချက်တွေ မလာသေးသလို ပြည်သူတွေအနေနဲ့ကလည်း သိပ်ပြီးတော့လည်းစိုးရိမ်ကြီးစရာမလိုပါဘူး။ ဒီရောဂါက နှာချေချောင်းဆိုးတာကနေ အသက်ရှူလမ်းကြောင်းက ကူးစက်ခြင်းဖြစ်တဲ့အတွက်ကြိုတင်ကာကွယ်မှုကအရေးကြီးပါတယ်။ အမျိုးအစားကတော့ နှစ်မျိုး၊ ရိုးရိုးဖျားတယ်။ နာတယ်ကိုက်ခဲတယ်။ ဒါကမပြင်းထန်တဲ့အမျိုးအစားပေါ့၊ ရင်ကျပ်တယ်အသက်ရှူခက်တယ်။ အဖျားကြီးတယ်။ သတိလစ်တယ်။ ဂနာမငြိမ်ဖြစ်တယ်ဆိုရင် ပြင်းထန်တဲ့အမျိုးအစားပေါ့။ ဒီတော့ဖြစ်ဖြစ်ချင်း ဆေးရုံတက်ရောက်ကုသမယ်ဆိုရင် အသက်အန္တရာယ်စိုးရိမ်စရာမရှိပါဘူးဟု ရှင်းလင်းပြောကြားသည်။

လက်ရှိအနေအထားအရ မြဝတီမှဒေသခံပြည်သူများအနေနှင့် မဲဆောက် ဆေးရုံကြီးသို့ ကာကွယ်ဆေးသွားရောက်ထိုးနှံသူများမှာ တစ်နေ့လျှင် ၃၀၀ မှ ၅၀၀ ထိရှိကြောင်း သိရသည်။

အလားတူ မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းမှာလည်း H1N1 သံသယရှိ လူနာများ ယခုအချိန်အထိတွေ့ရှိခြင်းမရှိသေးကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြန်မာ့အာမခံလုပ်ငန်းအကြောင်းအသိပညာပေးဟောပြော

**တွံတေး ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ့အာမခံလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် တွံတေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာမြလွင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံးတာဝန်ခံ ဒေါ်သက်မာက အာမခံထားရှိရခြင်းသည် မိမိအားအကာအကွယ်ဖြစ်သကဲ့သို့ အခြားသူများကိုလည်းကူညီပံ့ပိုးခြင်းဖြစ်သဖြင့် ပရဟိတလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းများ၏ ရည်ရွယ်ချက်အာမခံလုပ်ငန်းအမျိုးအစားများဖြစ်သည့် ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ မွေ့အန္တရာယ်အာမခံ၊ မီးနှင့် အထွေထွေအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ခရီးသွားအာမခံနှင့် အထူးခရီးသွားအာမခံလုပ်ငန်းများထားရှိခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာသူများကသိလိုသည်များမေးမြန်းရာ အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ တွံတေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်တာဝန်ခံဒေါ်သက်မာနှင့် ဝန်ထမ်းများတက်ရောက်ကြကြောင်းသိရသည်။

**မျိုးလှိုင်(တွံတေး)**

# ဘူးသီးမှ အရီးတော်

ကြည်လွင်မြင့်(မုဒြာ)

ဘူးသီးမှ အရီးတော်ဟူသောစကားသည် မြန်မာစကားပုံတွင် အသုံးများသော စကားပုံတစ်ခုဖြစ်သည်။ အဖေ၏နှမကို မြို့တွင် အဒေါ် (သို့မဟုတ်) ဒေါ်လေးဟုခေါ်ကြသည်။ ရှေးက တောရွာများတွင် အရီးဟုခေါ်သော အသုံးအနှုန်းသည် ယခုအခါ သိပ်မသုံးကြတော့ပါ။ အဒေါ်နှင့်အတူတူပင်ဖြစ်သည်။ စကားပုံ၏ဆိုလိုရင်းမှာ ယခင်က မခေါ်မပြော လျစ်လျူရှုထားသည့် အဒေါ် (အရီး)ကို သူ့အိမ်က ဘူးခင်းတွင် ဘူးသီးများတွေ့မှ ဆွေမျိုးစပ်ပြီး အရီးတော်ချင်လာသည်ဟု ဆိုလိုသည်။ ကျေးလက်ဓလေ့လည်းပေါ်လွင်၊ လူတို့၏အလိုရှိမှ ချဉ်းကပ်သည့်အကျင့်ကိုလည်း ထောက်ပြသည့်စကားပုံဖြစ်သည်။

ဘူးသီးနှင့် ပတ်သက်သော မြန်မာစကားပုံနှင့်ဆိုရိုးများစွာရှိသည်။

- ဘူးကောင်းလျှင် စင်ခံ၊ လင်ကောင်းမှ စံရ၊
- ဘူးတစ်လုံးဆောင် အိုအောင် မဆင်းရဲ၊
- ဘူးလေးရာ ဖရုံဆင့်၊
- ဘူးတောင်းနစ် စောင်ခြမ်းပေါ်

စသည့် စကားပုံများစွာရှိသည်။

စာရေးသူငယ်စဉ်က ဘူးသီးကြော် အလွန်ကြိုက်သည်။ စာရေးသူတို့၏ဇာတိ ဥက္ကံမြို့ငယ်လေးမှာ မြို့လယ်တွင် တစ်ဖာလုံပတ်လည်ခန့်ကျယ်သည့် ကန်ကြီးတစ်ခုရှိသည်။ ထိုကန်မှရေကို သောက်သုံးရေအဖြစ် တစ်မြို့လုံးက သောက်သုံးကြသည်။ ညနေစောင်းပြီဆိုလျှင် ကန်ပေါင်ရိုးတွင် ရေထမ်းသမားများ၊ ရေစည်လှည်းများအပြင် အဝတ်အစား လှပစွာဝတ်ဆင်ထားသည့် ဥက္ကံသူအပျိုချောများသည် ရေအိုးကိုယ်စီဖြင့်ရေခပ်ဆင်းကြသည်။

ကန်ပေါင်စောင်းတွင် တဲငယ်လေးများဖြင့် ဘူးသီးကြော်ဆိုင်များရှိသည်။ ထိုင်စရာ စားပွဲခုံ အဝိုင်းလေးများတွင် အချဉ်ရည်မြေအိုးငယ်များ ချထားသည်။ ဘူးသီးကြော်ကို တို့စားစရာ အချဉ်ရည်အဖြစ် အနှစ်တိုက်ထားသော မန်ကျည်းမှည့်အရည်နှင့် ချင်း၊ ငရုတ်သီးအနည်းငယ်၊ ဆားလျော့အနည်းငယ် ထောင်းထည့်ထားသည်။ အချဉ်ရည်ချည်းမဟုတ် နံနံပင်ပါ အစည်းလိုက်ချပေးထားသည်။

ထိုခေတ်က ကာလသားလူပျိုများသည် ရေခပ်လာသူအပျိုလေးများကို သည်အတိုင်း ထိုင်ကြည့်ရသည့်အစား ဘူးသီးကြော်လာစားသလိုလိုနှင့် ကြည့်ကြသည်။ ဘူးသီးကြော်တစ်ပွဲမှာပြီးစားလျှင် အချဉ်ရည်နှင့် နံနံပင်ကိုတွဲဖက်စားသောအခါ တစ်ခါတည်း အရသာနှစ်မျိုးရသည်။ တစ်မျိုးက လျှာအရသာ။ နောက်တစ်မျိုးက ပျိုမေများကို ကြည့်ရသည့် မျက်စိအရသာဖြစ်သည်။

ဘူးသီးကြော်ကြော်ရာတွင် ဆန်နှစ်က အရေးကြီးသည်။ ဘူးသီးကြော် ပျော့မနေစေရန်၊ ကြွပ်ရွနေစေရန် ဆန်ကြမ်းအမှုန့်နှင့် ကောက်ညှင်းဆန်မှုန့်ကို အချိုးကျရောစပ်ရသည်။ အချို့နာမည်ကြီးသော ဘူးသီးကြော်ဆိုင်မှအကြော်တွင် ရွှေကြည်အမှုန့်ကိုပါ ရောထည့်သည်။ သူတို့ရောထည့်သည်ကို အခြားသူများ နည်းမသိအောင် လျှို့ဝှက်ထားကြသည်ဟု ဆိုသည်။ (ယခုခေတ်တွင် အကြော်များ ကြွပ်ရွအောင် စားအုန်းဆီ အခဲကိုသုံးသည့်အပြင် ကြွပ်ကြွပ်အိတ်၊ ရေသန့်ဘူးများကိုထည့်ကြော်ပြီး မသမာသောနည်းဖြင့် ပြုလုပ်နေကြသည်ဟု သိရသည်။)

ဘူးသီးသည် အအေးစာဖြစ်သည်။ ဟင်းချိုအဖြစ်လည်းကောင်း၊ ငရုတ်ကောင်းခတ်ပြီး ဟင်းခါးအဖြစ်လည်းကောင်း အရည်သောက်ချက်ကြသည့်အပြင် အသားငါးတစ်မျိုးမျိုးနှင့်လည်း ရောချက်စားကြသည်။

တစ်လောက စင်ကာပူနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သည့်အခါ ဧည့်ခံသောထမင်းဝိုင်းတွင် နာမည်ကျော် ဟင်းလျာတစ်ခွက်မှာ "ဘူးသီးနှင့် ကြက်သားကာလသားချက်" ဟင်းလျာဖြစ်သည်။ မြန်မာတောဓလေ့ ဟင်းလျာဖြစ်ပြီး ထိုဟင်းကိုစီစဉ်သူမှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖြစ်နေသည်ဆိုခြင်းကြောင့် လူအတော်များများ အံ့ဩသွားကြသည်။

**"ဘူးသီးနှင့် ကြက်သားကာလသားချက်" ချက်နည်း**

ကာလသားချက်ဆိုသည့်အတိုင်း အမျိုးသမီးများအကူအညီမပါဘဲ ချက်ရသည်။ သူခိုးကာလသားချက်ဟုလည်းခေါ်ကြသည်။ တန်ဆောင်မုန်းလပြည့်ညအရပ်ဓလေ့ အပျော်သဘော ခိုးကြ၊ ဝှက်ကြ ပစ္စည်းများနေရာရွှေ့ထားပြီး နောက်ပြောင်ကျီစယ်ကြသည့် ကာလဖြစ်သည်။ (ယနေ့ခေတ်တွင် အမှန်တကယ် ခိုးကြ၊ ဝှက်ကြသည့်အပြင် အကြောင်းမဲ့ဖျက်ဆီးသည့် အကျင့်ဆိုးများက လွှမ်းမိုးသွားပြီဖြစ်သည်။)

အမှန်တော့ ရှေးကကြက်သားကာလသားချက်မှာ ခိုးပြီးရသည့်ကြက်ကို နံနက်မိုးမလင်းမီ ညတွင်းချင်းချက်စားကြသည်။ ထို့အတူ ဘူးသီးမှာလည်း အိမ်ရှေ့တွင် စင်ထိုးပြီး စိုက်ထားသော ဘူးသီးကို ခိုး၍ ခူးဆွတ်ယူကာ ချက်ရသည်။ မြန်မြန်ကျက်စေရန် ဘူးသီးအရင့်ကို မယူ။ နုသော ဘူးသီးကို ခူးရသည်။ ရင့်သောဘူးသီးကို ခူးမိလျှင် မြန်မြန်မကျက်နိုင်သဖြင့် သတိထားရသည်။

လူငယ်ကာလသားများ စုမိလျှင် အနည်းဆုံး ၁၀ ဦးခန့်ရှိနိုင်သဖြင့် ထမင်းချက်ရန်၊ ဟင်းချက်ရန် ပြည်ဝင်အိုးကြီးများလိုသည်။ ပြည်ဝင်အိုးဆိုသည်မှာ ဆန်တစ်ပြည်ချက်လျှင် ဝင်ဆံသည့် အိုးမျိုးဖြစ်သည်။

ခိုးပြီး သတ်ထားသောကြက်ကို ရေနွေးပူအောင်တည်ထားသော အိုးကြီးတွင်နှစ်ပြီး အမွေးများ နုတ်ရလွယ်အောင် ရေနွေးစိမ်ရသည်။ အမွေးများ သန့်စင်အောင် နုတ်ပြီးနောက် ရင်ခွဲပြီး အတွင်းမှ အူ၊ အသည်းကို နုတ်ယူရသည်။ ထိုသို့ အူ၊ အသည်းများ နုတ်ယူရာတွင် အထူးသတိပြုရသည်မှာ သည်းခြေအိတ် မပေါက်စေရန်ဖြစ်သည်။ သည်းခြေအိတ်ပေါက်သွားလျှင် ကြက်သားဟင်းတစ်အိုးလုံး ခါးသွားနိုင်သည်။

"ဘူးသီးနုနု ကြက်ပုပု" ဟု စကားရှိသည်။ ကြက်အရှည်သည် ကြက်ဖဖြစ်သည်။ ကြက်အမက ပုသည်။ ဘူးသီးနှင့် ကြက်သားဟင်းချက်စားလျှင် ကြက်မအသားနှင့်ချက်ပါက ပိုကောင်းသည်ဟု ဆိုသည်။

ကြက်သားကာလသားဟင်းတစ်ခွက် ချက်မည်ဆိုလျှင် ကြက်သားကို မညီမညာအတုံးကြီးများတုံးပြီး နနွင်း၊ ဆား၊ ငံပြာရည်တို့ဖြင့် စိမ့်ဝင်အောင်နယ်ရသည်။ ငရုတ်သီးခြောက်ကို မထောင်းဘဲ အတောင့်လိုက် သို့မဟုတ် လက်ဖြင့်ချေပြီး ထည့်ချက်ရသည်။ ထို့ကြောင့် ကာလသားချက်စားလျှင် နှုတ်ခမ်းတွင် ငရုတ်သီးဖတ် ကပ်ပါလာသည်ဟု ဆိုကြခြင်းဖြစ်သည်။ ကြက်သားကိုပြုတ်ပြီး နူးခါနီးမှ ဆီနှစ်ကျပ်ခွဲသားခန့် ထည့်ရသည်။ ထို့နောက် ဘူးသီးစိတ်များ ထည့်ရသည်။ ဘူးသီး အလွန်နုလျှင် အသားကျက်ပြီးမှထည့်ကာ ခေတ္တအုပ်ထားလျှင် နူးပြီး စားနိုင်ပြီဖြစ်သည်။



ကြက်သားနှင့် ဘူးသီးကာလသားချက်သည် အလွန်ချိုပြီး စားကောင်းသည့် မြန်မာ့ရိုးရာ အစားအစာဖြစ်သည်။ အချို့က ငရုတ်သီးခြောက်အပြင် မိုးမျှော် ငရုတ်သီးစိမ်းအတောင့်လေးများပါ ထည့်ချက်လေ့ရှိသည်။ ချို-စပ် အရသာဖြင့် ဆောင်းဦးညဥ့်အချိန်တွင် ချွေးစို့လာစေသည့် ဟင်းလျာဖြစ်သည်။

ယခုအခါ ဟိုတယ်ကြီးအချို့တွင် ဘူးသီးကြက်သားကာလသားချက်ကို မီနူးတွင် ထည့်၍ ရောင်းချနေကြပြီဟု သိရသည်။ စင်ကာပူနိုင်ငံသားများ အကြိုက်တွေ့သဖြင့် လေယာဉ်ဖြင့်ပင် မှာစားကြသည်ဟု သိရသည်။

ဘူးချဉ်နှင့် ငရုတ်သီးခြောက် အတောင့်လိုက်ကြော်သည့် ဟင်းလျာမှာလည်း ခံတွင်းမြိန်စေသည့် ဟင်းလျာဖြစ်သည်။

ဘူးချဉ်ပြုလုပ်ရန် ဘူးသီးရင့်ရင့်လိုသည်။ ရင့်ပြီး ဟင်းချက်စားရန် မကောင်းတော့သည့် ဘူးသီးကို လက်ကိုင်ခြစ်ဖြင့် ခြစ်ပြီး အမျှင်များရအောင်ပြုလုပ်ရသည်။ အမျှင်ရှည်များရလျှင် အမြင်လှပသော ဘူးချဉ်ကို ရမည်ဖြစ်သည်။

ဘူးချဉ်ပြုလုပ်ရန် (သဘာဝနည်းအတိုင်း) ထမင်းရည်လိုသည်။ ထမင်းကို ရှေးက ထမင်းရည်ငှဲ့ ချက်ကြသည်။ နောက်ပိုင်း အာဟာရဓာတ်များ ထွက်ကုန်သည်ဟုဆိုကာ ရေခမ်းချက်ကြသည်။ ခလုတ်နှိပ်ရုံဖြင့် ထမင်းကျက်နိုင်သော ထမင်းပေါင်းအိုးများ ပေါ်လာသောအခါ ထမင်းရည်ငှဲ့ချက်သည့် ဓလေ့သည် ပျောက်ကွယ်သွားရသည်။ အမှန်မှာ အရာရာတိုင်းတွင် အားနည်းချက်၊ အားသာချက်ရှိသည်။ ထမင်းကို အရည်ငှဲ့ချက်စားခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်နိုင်သည်။ ကစီဓာတ်လွန်ကဲပြီး ဝမ်းဗိုက်စူထွက်ခြင်းကို လျှော့ချနိုင်သည်။

ဘူးချဉ်စိမ်ရန်အတွက် ထမင်းရည်ငှဲ့ချက်ပြီး အအေးခံထားရမည်။ ထမင်းရည်စိမ်သော အရာတိုင်းသည် သုံးရက်မှ ကျော်လွန်လျှင် အချဉ်ပေါက်စမြဲ ဖြစ်သည်။ အချို့က ထမင်းရည်တွင် ထမင်းလက်တစ်ဆုပ် ခန့်ထည့်၍ အချဉ်ပေါက်မြန်အောင် ပြုလုပ်ကြသည်။ ဟင်းဂလာချဉ်၊ ခံတက်ချဉ်၊ မုန်လာချဉ်၊ ဘူးချဉ်အားလုံးပင် ထမင်းရည်နှင့်စိမ်ပြီး အချဉ်ဖောက်နိုင်သည်။

ရိုးရာဓလေ့အတိုင်းစိမ်လျှင် မြေအိုး၊ စဥ့်အိုးဖြင့် စိမ်ကြသည်။ မိမိစိမ်မည့် အနည်းအများကိုလိုက်၍ စဥ့်အိုးအကြီး အသေး၊ အနေတော်အရွယ်ကို အသုံးပြုရသည်။

ဘူးချဉ်စိမ်ရာတွင် နေရာဒေသအလိုက် စိမ်နည်းမတူကြပေ။ နာမည်ကြီးသော မိုးကုတ်ဘူးချဉ်နှင့် မကွေး၊ မင်းဘူးမှထွက်သော ဘူးချဉ်များသည် အရသာအားဖြင့်ကွဲပြားကြသည်။ မိုးကုတ်ဘူးချဉ်မှာ ဆန်ဆေးရည်နှင့်ချဉ်သည်။ ဝါးပိုးဝါးနှင့်ထည့်သည့် ဘူးချဉ်လည်းရှိသည်။ တောခေါင်သည့်နေရာများတွင် စဥ့်အိုး သုံးလေ့မရှိပေ။ မင်းဘူးနယ်မှ ပြုလုပ်သော ဘူးချဉ်တွင် ကောက်ညှင်းဆန်အနည်းငယ်ကို ထမင်းရည်နှင့် ရော၍စိမ်သည်ဟုသိရသည်။ ကောက်ညှင်းဆန်ထည့်စိမ်ခြင်းအားဖြင့် ဘူးချဉ်ကြော်ရာတွင် ဖွယ်မနေဘဲ စီးစီးပိုင်ပိုင်ဖြင့် ပို၍စားကောင်းသည်ဟု ဆိုသည်။

သဘာဝအတိုင်း အချဉ်တည်သော သီးနှံများမှာအစာအိမ်အတွက်၊ အသည်းအတွက် ဘေးထွက်ဆိုးကျိုးမရှိပါ။ မြို့ကြီးများတွင် ရောင်းချသော အချဉ်များမှာ စိတ်မချရ။ ဓာတုဗေဒအချဉ်ခဲများ၊ ဆေးများအသုံးပြုသဖြင့် စားသုံးရာတွင် အလွန်အန္တရာယ်များသည်။ သဘာဝအချဉ်မဟုတ်လျှင် စားသုံးရန် မသင့်ပါ။ အသည်းမှသန့်စင်နိုင်သည်ထက် ကျော်လွန်လာသောအခါ ကျောက်ကပ်ကိုပါ ပျက်စီးစေသဖြင့် ယခုခေတ်တွင် ကျောက်ကပ်ကိုပါ ပျက်စီးစေသဖြင့် ယခုခေတ်တွင် ကျောက်ကပ်မကောင်းသူ၊ အဆစ်ရောင် ရောဂါဖြစ်သူ အလွန်များလာရခြင်းဖြစ်သည်။ အချဉ်တည်သည့် အစားအသောက်များကို ကြိုက်နှစ်သက်ပြီး နေ့စဉ်စားသုံးရန် မသင့်ပါ။ တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ စားသုံးသင့်သည်။

ဘူးသီးသည် မြန်မာတစ်နိုင်ငံလုံးတွင် မရသည့်နေရာမရှိ။ အလွန်ပေါများသော အသီးအနှံဖြစ်သည်။ ဘူးပင်မှရသော ဘူးညွန့်သည်လည်း ဟင်းချိုချက်စားရာတွင် အလွန်ကောင်းသော ဟင်းလျာဖြစ်သည်။

ရှေးဆေးကျမ်းများအလိုအရ . . .

ဘူးသီးသည် ချို၏။ နှလုံးကို နှစ်သက်စေ၏။ ဘူးသီးအရှည်၊ အပု နှစ်မျိုးလုံးသည် ချို၏။ ကြေခဲ၏။ နှုတ်ကိုမြိန်စေတတ်၏။ သလိပ်သည်းခြေကိုနိုင်၏။ သုတ်ကိုပွားစေတတ်၏။ ရသအစရှိသော ဓာတ်ကို တိုးပွားစေတတ်၏။ (ဥတုဘောဇနသင်္ဂဟကျမ်း)

ဘူးသီးသည် သွေးလေတို့ကို ကြေစေ၏။ တက်၏။ အဆိပ်ပြင်းထန်သော တောပင့်ကူ၏ အဆိပ်ကို လျင်မြန်စွာ ပယ်စေ၏။ (ဓာတုရသ၊ လေးစောင်တွဲ ဓာတ်ကျမ်း)

ဘူးသီး အချိုသည် ကြေခဲ၏။ နှုတ်မြိန်စေ၊ လေပွားစေ၊ သုတ်ပွားစေ၏။ နှလုံးကို ကျေးဇူးပြု၏။ ကိုယ်ဝန်ကိုစောင့်ရှောက်မွေးမြူတတ်၏။ သည်းခြေ၊ သလိပ်ဒေါသကို နိုင်၏။ ထို့ပြင် သည်းခြေကြောင့်ဖြစ်သော ရောဂါများ၊ ပိန်ကြုံသောရောဂါများ ပျောက်ကင်းစေ၏။ ဘူးသီးအခါးသည် ချောင်းဆိုးပန်းနာ၊ ဖောရောင်ခြင်း၊ အနာပေါက်၊ ထိုးအောင့်ခြင်း၊ အဆိပ်သင့်ခြင်း၊ သည်းခြေ၊ လေဒေါသကိုနိုင်၏။

**(အရှင်နာဂသိန် အခြေပြုဆေး အဘိဓာန်)**

"ဘူးသီးမှ အရီးတော်ဟူသောစကားသည် မြန်မာစကားပုံတွင် အသုံးများသော စကားပုံတစ်ခုဖြစ် . . .

ဆိုလိုရင်းမှာ ယခင်က မခေါ်မပြော လျစ်လျူရှုထားသည့် အဒေါ် (အရီး)ကို သူ့အိမ်က ဘူးခင်းတွင် ဘူးသီးများတွေ့မှ ဆွေမျိုးစပ်ပြီး အရီးတော်ချင်လာသည်ဟု ဆိုလို . . .

# ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက်ရည်ညွှန်းသည့် မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကျင်းပမည်

အငြိမ့်ဟူသည် သာယာခြင်း၊ ငြိမ့်ညောင်းခြင်း၊ ပျော့ပျောင်းခြင်းကို အခြေခံသည့်မြန်မာ့သုခုမ အနုပညာတစ်ရပ်ဖြစ်သည်။ ငြိမ့်ညောင်း သာယာမှုဖြင့် လူထုပရိသတ်အား ဆွဲဆောင်သည်။ အဆိုအကဖြင့် နှစ်သိမ့်မှုအနုဘာဝ၊ ခံစားမှု သာတွိကာဘာဝတို့ဖြင့် ပြုစားသည့် အတတ်ပညာဖြစ်သည်။ ယင်းအတတ်ပညာ သုခုမအနုပညာရပ်များကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းနှင့် ငြိမ်းချမ်းရေးအတွက် ရည်ညွှန်းကာပေါင်းစပ်ပြီး ပြည်သူတို့အတွက် တပ်လှန့်နှိုးဆော်လိုက်သည့် မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် Forever Group မှ စီစဉ်ကျင်းပတော့မည်ဖြစ်သည်။

ယင်းကြောင့်ပြိုင်ပွဲကြီးတွင် ပါဝင်ဆောင်ရွက်သူများ၏ စကားသံများဖြင့် မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲအကြောင်းကို ရေးသားဖော်ပြလိုက်သည်။

**ဦးသိန်းထွန်းအောင်(အကြံပေးအရာရှိ)**
**Forever Group**

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီမိုကရေစီနေ့မှာ ပထမတော့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော် ဆောင်ရွက်ဖို့ကနေပြီးတော့ နောက်ပိုင်းမှာ ရုပ်ရှင်၊ ဂီတ၊ သဘင်ပေါ့။ အားလုံးပြည်စုံအောင် ပါဝင်နိုင်ရင်တော့ ပိုစည်ကားသိုက်မြိုက်မယ်ဆိုပြီး နောက်တစ်ခါ မြန်မာပြည်သူလူထုတွေရဲ့ ရှေးယခင်ကတည်းက ကြိုက်နှစ်သက်ခဲ့တဲ့ ပွဲတော်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ အငြိမ့်ပွဲကို ထည့်သွင်းနိုင်ခဲ့တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ မြန်မာ့ဒီမိုကရေစီနဲ့ ပြည်သူချစ်တဲ့အငြိမ့်ကို ဆက်စပ်ပြီးတော့ ပြည်သူလူထုကို တင်ဆက်ပေးတာပါ။ ပြည်သူလူထုအနေနဲ့ နှစ်သက်စွာအားပေးပါလို့ ပြောကြားချင်ပါတယ်။



ဦးဇာဂနာ

**ပွဲစီစဉ်သူ ဦးဇာဂနာ**

ပွဲတော်ကို ကျွန်တော်တို့နာမည်တပ်ထားတာကိုက ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲဆိုပြီး တပ်ထားတာဆိုတော့ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ ပြက်လုံးတွေ၊ ဒီမိုကရေစီကို ဖော်ဆောင်နိုင်တဲ့သီချင်းတစ်ပုဒ်ပေါ့။ ဒါတော့အနည်းဆုံးပါရမယ်။ အဲဒါကလည်း သိပ်ခက်ခက်ခဲခဲကိစ္စတော့ မဟုတ်ဘူး။ စာအုပ်စာတမ်းတွေလိုက်ရှာပြီး ဖတ်နေစရာမလိုဘူး။ တစ်ခုတည်းပါပဲ ကိုယ်လုပ်မှကိုယ်ရမယ်ဆိုတာ ဒီမိုကရေစီရဲ့ အနှစ်သာရပါ။ အဲဒါလေးပေါ်လွင်စေချင်တဲ့အတွက် အဖွဲ့တွေကိုလည်း မေတ္တာရပ်ခံထားတယ်။ အဲဒါလေးပေါ်လွင်အောင် ပြက်လုံးလေးထုတ်ပေးပါ။ အဲဒါလေးပေါ်လွင်အောင် သီချင်းလေးစပ်ပေးပါ။ အဲဒါလေးပေါ်လွင်ရင်ကျေနပ်ပြီ။ ဒီအချက်လေးတစ်ချက်ပါပဲ။

နောက်တစ်ခုက လူရွှင်တော်ပြိုင်ပွဲတွေလုပ်တဲ့အခါမှာ ကျွန်တော်တို့က နည်းနည်း



နန်းခင်မွှေး

ကန့်သတ်ရတဲ့ကိစ္စရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ ညစ်ညမ်းတဲ့ပြက်လုံးပေါ့။ ညစ်ညမ်းတဲ့ ပြက်လုံးဆိုတာ နည်းနည်းပါးပါးတော့ ညစ်ပတ်မှာပေါ့။ အရမ်းကာရောညစ်ပတ်နေတဲ့ ပြက်လုံးမျိုးကျတော့ ကျွန်တော်တို့က တီဗွီကတိုက်ရိုက်လွှင့်မှာ။ တစ်နိုင်ငံလုံးက ကြည့်မှာ။ ကျွန်တော်တို့ကို အဲဒါတွေကို ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုလို့ရမလဲ။ ဒါတော့မလုပ်ပါနဲ့။

နောက်တစ်ခုကတော့ တိုင်းရင်းသားကိုထိခိုက်မယ့်ကိစ္စ၊ ဘာသာရေးကိုထိခိုက်မယ့်ကိစ္စ၊ လူမျိုးရေးကို ထိခိုက်မယ့်ကိစ္စတွေ မပြက်လည်းရယ်စရာတွေတစ်ပုံကြီးပါ။ နောက်တစ်ချက်ကတော့ ဒီနေ့ခေတ်အခါမှာ LGBT ပေါ့ဗျာ။ ဒါကိုတော့ မလှောင်စေချင်ဘူး။ ရယ်စရာလုပ်ချင်လုပ်လို့ရတယ်။ လှောင်မှုဟာသလည်း မဖြစ်ပါဘူး။ အဲဒါလေးကိုတော့ မေတ္တာရပ်ခံထားပါတယ်။ ဒါပေမယ့် မေတ္တာရပ်ခံလျက်နဲ့ အဲဒါကိုသူတို့က ပြက်ရင်တော့ ကျွန်တော်နဲ့မဆိုင်ပါဘူး။ ဒိုင်တွေက အမှတ်လျှော့ပါလိမ့်မယ်။

**အကဒိုင် ရွှေမင်းသမီးနန်းခင်မွှေး**

ကျွန်မက ဒီပြိုင်ပွဲမှာ အကဒိုင်အနေနဲ့ ပါဝင်မှာပါ။ ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်မယ့် အငြိမ့်မင်းသမီးလေးတွေအနေနဲ့ အငြိမ့်မင်းသမီးကောင်းတစ်ယောက်မှာ ရှိသင့်တဲ့ဆိုပုံ၊ ကပုံ၊ ဟန်၊ အမူအယာ၊ အကရဲ့ဟန်၊ မျက်လုံးရဲ့ဟန်၊ မျက်နှာရဲ့ အမူအယာ အဲဒါလေးတွေ လိုအပ်တယ်။ အကကသင်လို့ရတယ်။ အမူအယာတို့၊ ဟန်တို့ကျတော့ သင်ယူရတာ မဟုတ်ဘူး။ ကိုယ်တိုင်ဖန်တီးရတာလေ။ ဒါကြောင့်မင်းသမီးလေးတွေဟာ အငြိမ့်လည်း ကနိုင်ရမယ်။ နောက်အမူအယာလည်း ပိုင်နိုင်ရမယ်။ အဆို၊ အက၊ အပြောအကုန်စုံလင်မှသာလျှင် ထွန်းတောက်တဲ့ အနုပညာရှင်လေးတွေဖြစ်လာကြမှာပါ။ ဒါလေးတွေပေါ့။ ပြီးတော့လူရွှင်တော်ဆိုလည်း သင်တန်းမရှိဘူး။ ရှိပြန်တော့လည်း သင်ဖို့မလွယ်ဘူး။ ကိုယ်ပိုင်ဖန်တီးပြီး ကြံစည်တွေးဆရတာလေ။ ဒါ့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုအငြိမ့်ပွဲဖြစ်တဲ့အခါကျတော့အငြိမ့်ပွဲ အဝတ်အစားပေါ့။ မင်းသမီးဆိုရင် ဝတ်စုံမှာ ခါးတောင်လေးတွေပါရမယ်။ နားကပ်ပဲဖြစ်ရမယ်။ နားဆွဲမဖြစ်ရဘူး စသည်ဖြင့်ပေါ့။

အငြိမ့်သဘင်ဆိုတာ မြန်မာနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှု အကစစ်စစ်ပါ။ အန်တီတို့ဆိုလည်း လူမှန်းသိကတည်းက အခုချိန်ထိ သဘင်သမားဆိုတော့ သဘင်ပညာကို အခုလို မြတ်မြတ်နိုးနိုး ကျင်းပပေးတာအားလုံးကို ကျေးဇူးတင်ပါတယ်။ အန်တီအနေနဲ့ ဒီလိုပွဲမျိုးတွေ မကြာခဏလုပ်သင့်ပါတယ်လို့ ထင်ပါတယ်။

ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့အမျိုးသားဇာတ်ရုံတွင် ဩဂုတ်လ ၂၈ ရက်မှ ၃၁ ရက်ထိလေးရက်ကြာ၊ မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ၂၈ ရက်နှင့်၂၉ ရက်တို့တွင် ပဏာမလူရွေးချယ်သွားမည်ဖြစ်ပြီး အထက်မြန်မာပြည်အတွက် သုံးဖွဲ့၊ အောက်မြန်မာပြည်အတွက်သုံးဖွဲ့ စုစုပေါင်း ခြောက်ဖွဲ့ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ နောက်ဆုံးပြိုင်ပွဲကို စက်တင်ဘာ ၂၀ နှင့် ၂၁ ရက်များတွင်ကျင်းပမည်ဖြစ်ပြီး တက်လာသည့်အဖွဲ့များမှ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုသုံးဆုအပြင် အကောင်းဆုံးလူရွှင်တော်၊ အကောင်းဆုံးမင်းသမီး၊ အကောင်းဆုံးဆိုင်းအဖွဲ့နှင့် ပရိသတ်ရွေးချယ်ပေးသည့် အကောင်းဆုံးဆုစသည်ဖြင့် ဆု ၁၀ ဆုချီးမြှင့်ရန်လျာထားသည်။ အဆိုပါပြိုင်ပွဲကြီးသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ဓာတ်ပုံ-အေးမင်းသူ**



## ၂၀၁၈ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲအတွက် အလှမယ် ၃၀ ရွေးချယ်

**ရန်ကုန် ဩဂုတ် ၄**

မယ်စကြဝဠာမြန်မာ ၂၀၁၈ ခုနှစ်ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံတဝှမ်းလုံးမှ ရွေးချယ်ခဲ့သော အလှမယ် ၃၀ မိတ်ဆက်ပွဲကို ဩဂုတ် ၄ ရက် မွန်းလွဲ ၁နာရီက ဂန္ဓာမာဟိုးစေးတွင် ပြုလုပ်ခဲ့သည်။

ခြောက်ကြိမ်မြောက် ပြုလုပ်မည့် မယ်စကြဝဠာပြိုင်ပွဲကြီးအတွက် ယှဉ်ပြိုင်မည့် အလှမယ်များကို ပဲခူး၊ ပုဂံ၊ ထားဝယ်၊ ဘားအံ၊ ဖားကန့်၊ ကလေး၊ ကျောက်ဆည်၊ လွိုင်ကော်၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ မိတ္ထီလာ၊ မင်းဘူး၊ မိုးကုတ်၊ မိုးညှင်း၊ မုံရွာ၊ မြဝတီ၊ မြိတ်၊ မြစ်ကြီးနား၊ နေပြည်တော်၊ ပုသိမ်၊ ပြည်၊ ပြင်ဦးလွင် ၊ စစ်ကိုင်း၊ စစ်တွေ၊ တာချီလိတ်၊ တောင်ကြီး၊ တောင်ငူ၊ ရန်ကုန်( မြောက်၊တောင်၊ အရှေ့၊ အနောက်) စသည့် မြို့ကြီးများမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ အလှပဆုံး အမျိုးသမီးတစ်ဦးကို နောက်ထပ်သရဖူဆောင်းပေးရတော့မယ့် အချိန်ပဲဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့အစည်းအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ အမျိုးသမီးတွေကို ဖော်ထုတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မြို့နယ်တွေကစပြီး လုပ်ခဲ့တယ်။ တစ်နှစ်ထက်တစ်နှစ် ပိုလုပ်လာနိုင်ပါတယ်။ ဒီနှစ်ဆိုရင် မြို့ပေါင်း သုံးဆယ်မှာ လုပ်ခဲ့ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လုပ်နိုင်ခဲ့တယ်ဆိုတာကလည်း စတီးဒါရိုက်တာတွေရဲ့ ကြိုးစားမှုတွေကြောင့်ပဲဖြစ်ပါတယ်။ နောက်ဆုံးပြိုင်ပွဲကြီးကိုတော့ စက်တင်ဘာ ၃၀ ရက်နေ့မှာပဲ ပြုလုပ်မှာပါ"ဟု မယ်စကြဝဠာအဖွဲ့အစည်းမှ နေရှင်နယ်ဒါရိုက်တာ မစိုးယုဝေက ပြောသည်။

မယ်စကြဝဠာမြန်မာ ဖိုင်နယ်ပြိုင်ပွဲကြီးကို စက်တင်ဘာ ၃၀ ရက်နေ့တွင် ဂန္ဓာမာဟိုးစေးတွင် ပြုလုပ်မည်ဖြစ်ပြီး National Costume ပြိုင်ပွဲကြီးကို ဩဂုတ်၂၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ ယင်းနေ့တွင် လေလံတင်ဝယ်ယူရမည့် အစီအစဉ်ကို ထည့်သွင်းထားကာ ဝတ်စုံရောင်းချခြင်းမှ ရရှိမည့်ငွေများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လှူဒါန်းသွားမည်ဖြစ်သည်ဟု သိရသည်။ ယင်းအပြင် ပြိုင်ပွဲဝင်အလှမယ်များသည် ဩဂုတ် ၇ ရက်တွင် ကရင်ပြည်နယ်သို့ သွားရောက်ကာ လူမှုရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဂျန်းရှင်းစီးတီးတွင် ပရိသတ်များနှင့်တွေ့ဆုံခြင်းနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လာရောက်သည့် Creative Dance Studio မှပညာရှင်များနှင့်အတူ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်**

# ရွာတစ်ရွာတွင် ထင်မှတ်မထားသောအဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရသည့် 'ကြောက်ကြောက်ကြောက်' ရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ပြသ

**ရန်ကုန် ဩဂုတ် ၄**

"ကြောက်ကြောက်ကြောက်" ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာဩရသက ရိုက်ကူးတင်ဆက်ထားပြီး နာမည်ကျော် အနုပညာရှင်တွေဖြစ်ကြတဲ့ အကယ်ဒမီနေတိုး၊ အကယ်ဒမီထွန်းထွန်း၊ ကျော်ကျော်၊ မင်းသွေး၊ နန်းမြတ်ဖြိုးသင်း၊ ခင်ဝင့်ဝါ၊ နန်းခင်ဇေယျာနဲ့ ပိုပိုတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြကာ အခြားသရုပ်ဆောင်များစွာလည်း ပါဝင်သော အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်ကို ဩဂုတ် ၄ ရက်က ရန်ကုန်မြို့အပါအဝင် အမြို့မြို့ အနယ်နယ်ရှိ ရုပ်ရှင်ရုံကြီးတွေမှာလည်း ရုံတင်ပြသခဲ့ပါတယ်။

ဇာတ်လမ်းတွင် မင်းညိုနဲ့တမာ၊ လူစိမ်းနဲ့သာယာ၊ ခေတ်ကောင်းနဲ့စိမ့်စမ်း၊ ကျော်ကြီးနဲ့မယ်မဒီ စုံတွဲလေးတွဲရဲ့ ရွာတစ်ရွာတွင် အမှတ်မထင်မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသောအကြောင်းအရာတွေကို ပုံဖော်ရိုက်ကူးထားတဲ့ ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

ရွာနာမည်က ကြက်လျှာရွာ၊ မင်းညိုနဲ့ တမာတို့က ချစ်သူတွေ၊ မင်းညိုက ကြက်လျှာရွာသား၊ တမာက ထနောင်းပင်ရွာသူ သူတို့ရွာနှစ်ရွာကြားတွင် ကျားသစ်ချောင်းတစ်ခုခြားနေခဲ့ပါတယ်။ မင်းညိုကို တမာ့အဖေက ကြည့်မရဖြစ်နေကာ သူ့သမီးကို မြို့သားနဲ့ ပေးစားဖို့လုပ်တယ်။ အဲဒီမှာပဲ မင်းညိုနဲ့တမာတို့ ခိုးပြေးဖို့ အကြောင်းဖန်လာတယ်။ အဲဒီလိုခိုးပြေးဖို့ ညဘက်ချောင်းကိုဖြတ်ပြီး မင်းညိုလှေနဲ့အသွား သူတို့နှစ်ဦး မထင်မှတ်ထားတဲ့ အဖြစ်အပျက်တစ်ခုနဲ့ကြုံတွေ့ကာ မင်းညိုရွာကို ပြန်ပြေးခဲ့ရပါတယ်။

လူစိမ်းနဲ့သာယာတို့က ကြက်လျှာရွာ ရွာသူ ရွာသားတွေ၊ လူစိမ်းက သာယာကို ကြိုက်နေတယ်။ ဆိုးတာက လူစိမ်းက သရဲအလွန်ကြောက်တတ်တာပဲ။ သာယာကလည်း အဲဒီလို လူစိမ်းသရဲကြောက်တာကို ကြည့်လို့မရ။ ဒါနဲ့ သာယာက လူစိမ်းကို သူမဆီက အချစ်ကိုလိုချင်ရင် ညဘက်ရွာပြင်သင်္ချိုင်းထဲက အုတ်ဂူတစ်ခုပေါ်မှာ သူမကို ချစ်ကြောင်းစာရေးရမယ်ဆိုပြီး ခိုင်းတယ်။ ဒီလိုနဲ့ သရဲကြောက်တဲ့ လူစိမ်းတစ်ယောက် အချစ်အတွက်နဲ့ သင်္ချိုင်းကိုအသွား တစ်စုံတစ်ခုကို မြင်တွေ့ပြီး ငယ်သံပါအောင်အော်ကာ ရွာကိုပြန်ပြေးခဲ့ရပါတယ်။

ခေတ်ကောင်းနဲ့ စိမ့်စမ်းတို့ကတော့ ရန်ကုန်သူ ရန်ကုန်သားတွေပါ။ သူတို့မင်္ဂလာဆောင်ပြီး ခေတ်ကောင်းအဘွားရှိတဲ့ ကြက်လျှာရွာကို အဘွားကိုကန်တော့ရင်း ဆွေပြမျိုးပြလာကြပါတယ်။ အဲလိုလာတဲ့အခါ ခေတ်ကောင်းသူငယ်ချင်း စာရေးဆရာတစ်ယောက်လည်းပါလာတယ်။ ရန်ကုန်ကနေ ကြက်လျှာရွာကို ကားတောက်လျှောက်မောင်းလာရင်း ရွာရောက်ခါနီးမှာပဲ လမ်းဘေး သစ်ပင်ကြီးတစ်ပင်ကို ကားနဲ့ဝင်တိုက်မိကြတယ်။ အဲဒီမှာပဲ ခေတ်ကောင်းမထင်မှတ်ထားတဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံတွေ့ကာ ရွာဆီကို အော်ဟစ်ကာ ပြေးလာခဲ့ရပါတယ်။

ကျော်ကြီးနဲ့မယ်မဒီ သူတို့ကတော့ တစ်မူထူးခြားစွာ ကြက်လျှာရွာကို ရုပ်ရှင်လာရိုက်တဲ့ ရုပ်ရှင်အဖွဲ့က မင်းသားနဲ့ မင်းသမီးတွေပါ။ ကျော်ကြီးနဲ့မယ်မဒီကလည်း ချစ်သူတွေဖြစ်ကြပါတယ်။ အဲဒီမှာ ရွာပြင်ထွက်ပြီး Night Scene ရိုက်ကြတဲ့အခါမှာတော့ ကျော်ကြီးက သူ့အခန်းမပါသဖြင့် ရွာမှာပဲနေခဲ့တယ်။ မယ်မဒီရိုက်ရမယ့် အခန်းဆိုတော့ ပြီးမှပဲသူ့ကားနဲ့သွားခေါ်မယ်လို့ စိတ်ကူးထားတယ်။ သွားခေါ်မယ့်အချိန် ကားကစက်နှိုးမရတာနဲ့ ရွာထဲက ဆိုင်ကယ်တစ်စီးကိုငှားသွားတယ်။ အဲဒီလိုသွားခေါ်ဖို့ ထွက်လာရင်း လမ်းခုလတ်တစ်နေရာမှာပဲ ကျော်ကြီးလည်း မထင်မှတ်ထားတဲ့ အဖြစ်အပျက်တစ်ခုနဲ့ကြုံတွေ့ကာ ရွာအရောက် အော်ဟစ်ပြန်ပြေးခဲ့ရပါတယ်။

အဲဒီလိုအဖြစ်အပျက်ကိုယ်စီ၊ အကြောင်းအရာကိုယ်စီနဲ့ အရပ်လေးမျက်နှာကနေ ကြောက်အားလန့်အားနဲ့ ပြေးလာကြတဲ့ မင်းညို၊ လူစိမ်း၊ ခေတ်ကောင်း၊ ကျော်ကြီးတို့လေးဦး ကြက်လျှာရွာရဲ့ လမ်းမတစ်နေရာမှာ လေးပွင့်ဆိုင်ဆုံတွေ့ခဲ့ကြပြီး ဘယ်သူတွေဘာတွေဆက်ဖြစ်ကြမလဲဆိုတာကို ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ ရင်သပ်ရှုမောဖွယ်ကြည့်ရှုခံစားရမယ့် ဇာတ်ကားကောင်းတစ်ကားဖြစ်ပါတယ်။

**(အေးမင်းသူ)**

# နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကဏ္ဍများ၊ နေရာများ၊ ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ရာတွင် စာရင်း အင်းသည် မရှိမဖြစ် အရေးပါ



**ပဲခူး ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီခွဲက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ရေး၊ စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၇) ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်(SDGs) အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် မြန်မာနိုင်ငံအတွက် အဓိက ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကဏ္ဍများ၊ နေရာများ၊ ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ရာတွင် စာရင်းအင်းသည် မရှိမဖြစ် အရေးပါကြောင်း၊ စာရင်းအင်းသည် စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်နှင့် အုပ်ချုပ်ရေးနယ်ပယ်စသည့်နယ်ပယ်အသီးသီးနှင့် ပတ်သက်မှုရှိ၍ စာရင်းအင်းပညာ အရည်အသွေး ပြည့်ဝလာစေရန်အတွက် သက်ဆိုင်ရာ မိမိတို့ဌာနအလိုက် တာဝန်ယူ တည်ဆောက်ပေးသွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ရွှေက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများပါဝင်သည့် လုပ်ငန်းများဖြစ်ရန်လိုအပ်ကြောင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လူမှုပတ်ဝန်းကျင်အတွက် အသုံးဝင်သည့် လုပ်ငန်းများဖြစ်၍ အလွန်အရေးကြီးပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေရာအနှံ့ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေး၊ ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှုတိုးတက်ရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး၊ ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေးနှင့် တရားမျှတမှုဖြစ်ပေါ်ရေး၊ အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများထူထောင်ရေး၊ အကောင်အထည်ဖော်ဆောင်ရွက်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေးတို့နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါလုပ်ငန်းစဉ်များအောင်မြင်ရန် အစိုးရ၊ ပုဂ္ဂလိက၊ အလျှုရှင်အသိုင်းအဝိုင်း၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အနောက်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ရာသီတုပ်ကွေးရောဂါ (H1N1)ကြိုတင်ကာကွယ်ရေးအသိပညာပေးဆွေးနွေး

**အလုံ ဩဂုတ် ၄**
ရန်ကုန်အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး နှင့် အလုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ ၏စီစဉ်မှုဖြင့် ခရိုင်ရုံးနှင့် မြို့နယ်ရုံးဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်တွဲဖက်ဌာနဝန်ထမ်းများအား ရာသီတုပ်ကွေးရောဂါ(Seasonal Influenza A (H1N1)pdm09 ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက အနောက်ပိုင်းခရိုင် စည်ပင်သာယာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူးဒေါက်တာသန်းသန်းလွင်နှင့် အလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလဲ့ညိုဝင်းတို့က Maskစနစ်တကျ တပ်ဆင်အသုံးပြုမှု၊ လက်ကိုစနစ်တကျ ဆေးကြောခြင်းနှင့် ဆောင်ရန် ရှောင်ရန်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

"အဓိက ကတော့ တစ်ကိုယ်ရေသန့်ရှင်းမှုရှိဖို့ လိုပါတယ်။ ရောဂါပိုးကူးနိုင်မှုက မိမိအပေါ်မှာပဲ မူတည်ပါတယ်။ ကိုယ်ဝန်ဆောင်များ၊ ငယ်ရွယ်သူများနဲ့ သက်ကြီးအဘိုးအဘွားတွေအနေနဲ့ လူထူထပ်တဲ့နေရာတွေသွားရင် Mask တပ်ဆင်ပြီး သွားလာကြဖို့ လိုအပ်ပါတယ်" ဟု ဌာနမှူးဒေါက်တာသန်းသန်းလွင်က ပြောသည်။

အလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးက ယခုတက်ရောက်လာကြသည့်ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ခရိုင်/မြို့နယ်အတွင်း ကြက်၊ ငှက်၊ ဝက်မွေးမြူတဲ့ခြံတွေကို စောင့်ကြည့်ပေးဖို့ အသေအပျောက်ရှိလာခဲ့ရင် ကြိုတင်လက်ဦးမှုယူပြီးမှန်ကန်တိကျတဲ့ သတင်းရယူကာသက်ဆိုင်ရာဌာနတွေကိုသတင်းပေးဖို့ မေတ္တာရပ်ခံပါတယ်ဟု ရှင်းလင်းပြောကြားသည်။

ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုးက ခရိုင်နှင့်မြို့နယ်အတွင်း၌ ခိုစာရောင်းချသူများကိုလည်း ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း၊ မြို့တော်သန့်ရှင်းသာယာလှပစေရေး အတွက်လည်း အထောက်အကူဖြစ်ပြီး ခိုငှက်များမှတစ်ဆင့် ရောဂါပိုးကူးစက် ပျံ့နှံ့နိုင်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သွားလာရင်း ငှက်ကျ/ငှက် သေ ထူးခြားဖြစ်စဉ်များတွေ့ရှိခဲ့လျှင် တာဝန်ရှိသူများမှ တစ်ဆင့် သက်ဆိုင်ရာဌာနများသို့ သတင်းပေးကြရန်လိုအပ်ပါကြောင်း အကြံပြုပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ရန်ကုန်မြို့တော်စည်ပင် ကျန်းမာရေးဌာနမှူး၊ အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ အလုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်းနှင့် လ/ထအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်၊ တွဲဖက်ဌာနဝန်ထမ်းများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

**မောင်မောင်**

# H1N1 ရောဂါနှင့်ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**ကျောက်တန်း ဩဂုတ် ၄**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီခွဲက ကျောက်တန်းမြို့နယ် ကျန်းမားရေးဦးစီးဌာနနှင့် မြို့နယ် ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ H1N1 ရောဂါနှင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကြက်ခြေနီအသင်းခွဲ လူငယ်ကော်မတီဝင် ဟောပြောရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကိုဝင်းက ဟောပြောပွဲကျင်းပရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သန်လျင်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက C-vit ဆေးပြား ၅၂၅၀၊ လက်ဆေးရည်နှစ်ဘူးနှင့် လက်သန့်ဆေးရည် ၄၅ ဘူးတို့ကို ကျောင်းအုပ်ဆရာမကြီးဒေါ်မေမေအောင်ထံသို့ လှူဒါန်းခဲ့ကြသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးမှူးအဆင့်(၁) ဦးဝင်းဦးက H1N1 နှင့် ပတ်သက်၍ ဟောပြောကာ လက်ဆေးနည်းကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**(မြဇ)**



# မြို့နယ်သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**မင်္ဂလာတောင်ညွန့် ဩဂုတ် ၄**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များပြန်လည်ရွေးချယ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အမှတ် (၂) အခြေခံပညာမူလွန်ကျောင်း၌ ကျင်းပသည်။

တက်ရောက်လာသော အသင်းသူအသင်းသားများက ဒါရိုက်တာအဖွဲ့ဝင် ခုနစ်ဦးနှင့် စာရင်းစစ် နှစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(၁၁၈)**

# Exim ဘဏ်ချေးငွေပေးဆပ်မှုဂုဏ်ပြုလွှာပေးအပ်

**တိုက်ကြီး ဩဂုတ် ၄**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းများမှ သတ္တမအကြိမ်မြောက် Exim ဘဏ်၏ ခြောက်လဆပ်ချေးငွေအရင်းနှင့် အတိုးငွေအစောဆုံးပြန်လည်ပေးဆပ်မှုအတွက် အခြေခံအသင်း ၄၉ သင်းအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုငွေကျပ် ၃၄၁၀၀၀၀ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဦးစီးအရာရှိ ဒေါ်ခင်ခင်ချိုနှင့် ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးစိန်မြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်၊ အတွင်းရေးမှူးဦးစိုးငြိမ်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အခြေခံအသင်း ၁၅၄ သင်းမှ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ ချေးငွေအစောဆုံး အကျေပြန်လည်ပေးဆပ်ခဲ့သည့် အသင်းများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ခြင်း၊ ကျေးရွာအရောက်ချေးငွေထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့သည့် ချေးငွေတာဝန်ခံ အဖွဲ့(၄)ဖွဲ့မှ ဝန်ထမ်းများအား ဆုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(၅၂၆)**

# ရဲလုပ်ငန်းစဉ်ကဏ္ဍ(၅)ခုပါ မှုခင်းပညာပေးပြခန်းယာဉ်ပြသ

**ရန်ကုန် ဩဂုတ် ၄**
ရဲလုပ်ငန်းစဉ် ကဏ္ဍ (၅)ခုပါ မှုခင်းပညာပေးပြခန်းယာဉ်သည် ဩဂုတ် ၃ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းမှတ်တိုင်အနီးတွင် အသိပညာပေးလှည့်လည်ပြသရာ လာရောက်ကြည့်ရှုလေ့လာသူ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ၅၅၀ ခန့်ရှိကြောင်းသိရသည်။

ထို မှုခင်းပညာပေးပြခန်းယာဉ်တွင် နယ်မြေရဲတပ်ဖွဲ့ဝင်များ၏ မှုခင်းကျဆင်းရေး အသိပညာပေးကဏ္ဍ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏အခန်းကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးကဏ္ဍအပါအဝင် ကဏ္ဍ (၅)ခုပါဝင်ကြောင်းသိရသည်ဿ။

ထိုပြခန်းယာဉ်ပေါ်သို့လာရောက်လေ့လာသူများအား ရဲတပ်ဖွဲ့ဝင်များက လက်ရှိမြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ကဏ္ဍအလိုက်လုပ်ငန်းစဉ်အဆင့်ဆင့်အား ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ကမ်းခြင်း၊ စာကြည့်တိုက်များ ထားပေးခြင်းတို့အား ဆောင်ရွက်ကြသည်။

ရန်ကင်းမြို့နယ်စခန်းမှူး ဒုတိယရဲမှူးစိုးလှိုင်က "မှုခင်းဆိုင်ရာပြဋ္ဌာန်းချက်တွေရှိနေပေမယ့် ပြည်သူတွေအနေနဲ့ လေ့လာမှုအားနည်းတာတွေ့ရတယ်။ ဒါကြောင့်ပြစ်မှု ဥပဒေနဲ့ပတ်သက်ပြီး အသိပညာပေးမှုတွေကို အခုလို မြို့နယ်အလိုက်ဆောင်ရွက်တာပါ။ ဒီအပေါ်မှာ လူထုအနေနဲ့လည်း အလေးထားလေ့လာစေလိုပါတယ်။ ဒါ့အပြင် ရဲတပ်ဖွဲ့ကလည်း နေ့ ညမပြတ် လှည့်ကင်းတွေနဲ့ ဆောင်ရွက်လို့ ကျွန်တော်တို့မြို့နယ်မှာ ခိုးမှုတွေ၊ လုယက်မှုတွေကတော့ ယခင်ထက်လျော့နည်းသွားတယ်" ဟု ပြောသည်။

ထိုမှုခင်းပညာပေးပြခန်းယာဉ်သည် ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ရန်ကင်းမြို့နယ်၌ ပထမဆုံးပြသခြင်းဖြစ်ပြီး ဆက်လက်၍ ကျန်မြို့နယ်များအား လှည့်လည်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**(ကြေးမုံ)**

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## ( ၅ - ၈ - ၂၀၁၇ မှ ၁၁ - ၈ - ၂၀၁၇ အထိ )

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

Vol.2 No-30

4TV HD Receiver ကို ဝယ်ယူတပ်ဆင်လိုပါက
01- 230 6166 ကို ဖုန်းဆက် ဆက်သွယ်ပါ
01-230 6166




## Mandalay Rumbling Classic Fight

ကျွန်မာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ကြီးမှူး၍ VICTORY MYANMAR GROUP မှ အဓိကပံ့ပိုးကူညီကာ T&T Group မှ စီစဉ်ကျင်းပသည့် Mandalay Rumbling Classic Fight နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး ကို ၂၀၁၇ ဩဂုတ်လ ၆ ရက်နေ့ နေ့လယ် (၂) နာရီမှ စတင်ကာ ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံမှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာတော့ မြန်မာ့ရိုးရာလက်ဝှေ့ကစားသမား စိုးလင်းဦးနဲ့ ပိုလန်နိုင်ငံသား K1 ချန်ပီယံနှင့် မွေထိုင်ချန်ပီယံ ဆာလာဗိုက်တို့ရဲ့ ပွဲစဉ်အပါအဝင် အခြားသော ပြည်တွင်းပွဲစဉ် တွဲဖက်ပွဲ (၈)ပွဲတိုင်အထိ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ မြန်မာ့ရိုးရာလက်ဝှေ့ကစားသမား စိုးလင်းဦးအတွက် ပထမအကြိမ် အမှတ်ပေးစနစ်နဲ့ ယှဉ်ပြိုင်ခဲ့စဉ်က ရှုံးကြောင့် ယခု အလဲထိုးစနစ်နဲ့ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်မှာ ပြန်လည်အနိုင်ယူနိုင်မလားဆိုတာ ကစားတော့ စိတ်ဝင်စားစရာကောင်းနေမှာပါ ဖြစ်ပါတယ်။ ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားကြတာတွေကို for SPORTS ရုပ်သံလိုင်းကနေ ၂၀၁၇ ဩဂုတ်လ (၇) ရက်နေ့ ညနေ (၆:၂၅) အချိန်မှာ ပြန်လည်ထုတ်လွှင့်ပြသပေးမှာဖြစ်ကြောင်းကို သတင်းကောင်းပါးအပ်ပါသည်။

## အင်တာမီလန် ယူ-၁၈ အသင်းနှင့် ခြေစမ်းပွဲကစားမည့် မြန်မာ ယူ-၁၈ အသင်း

| Myanmar U-18 VS Inter Milan U-18 Frienly Match | | | | |
|---|---|---|---|---|
| 11.8.2017 | 6:00 PM | Myanamr U-18 | vs | Inter Milan U-18 |
| 13.8.2017 | 6:00 PM | Myanamr U-18 | vs | Inter Milan U-18 |

LIVE On 4 SPORTS pyone play

စက်တင်ဘာလအတွင်းမှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် 2017 AFF U-18 Youth Championship ပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြန်မာယူ-၁၈ အသင်းဟာ ဥရောပရဲ့ထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်တဲ့ အင်တာမီလန်ယူ-၁၈ အသင်းနဲ့ ချစ်ကြည်ရေး ခြေစမ်းပွဲစဉ် (၂) ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းကြီးမှာ ဩဂုတ်လ ၁၁ ရက်နေ့နဲ့ ၁၃ ရက်နေ့ ညနေ ၆ နာရီအချိန်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်များကိုတော့ for SPORTS ရုပ်သံလိုင်းနဲ့ Pyone Play facebook page တို့ကနေ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသပေးမှာဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။



FOX SPORTS

6.8.2017
8:30 AM
UFC On FOX SPORTS :
Pettis Vs. Moreno (LIVE)

## TLC Martha & Snoop's Potluck Dinner Party

ဩဂုတ် ၇ တနင်္လာနေ့ ည ၇ နာရီ မိနစ် ၃၀

ဒီအစီအစဉ်မှာ ထင်ရှားတဲ့ စားဖိုမှူး မာသာစတူးဝပ်နဲ့ ရက်ပ်အဆိုတော် စနုပ်ဒေါ့ဂ်တို့နှစ်ဦးဟာ ရယ်စရာ ပေါရာတွေနဲ့ အဆင့်မြင့် ညစာစားပွဲကို ပြင်ဆင်နေကြပါတယ်။ မိတ်ဆွေတဲ့ ဧည့်သည်တော်တွေကလည်း မနည်းမနောပါပဲ။ ဟာသမင်းသား ဆက်သ်ရိုဂင်၊ အဆိုတော် ဝစ်ဇ်ခါလီဖာ၊ ရုပ်ရှင် တေဒီဂျင်၊ ဘွန်းနီဖ်၊ နာသာလီမော့ ... အကြိုအပြင် ... ရင်းနှီးစွာ ကောင်းမွန်စွာ ... ကို ဖိတ်ခေါ်ပြီး ... ရယ်မောစရာတွေနဲ့ တည့်ခင်းမယ်ဆိုတာကို TLC ရုပ်သံလိုင်းမှာ စောင့်မျှော်ကြည့်ရှုရအောင်နော်။




## AXN Team Ninja Worrior Season 2

ဩဂုတ် ၇ တနင်္လာနေ့ ညနေ ၆ နာရီ မိနစ် ၃၀။

ဟာသပညာရှင် မက်ထ်အိုက်ဆဲမင်နဲ့ NFL ကစားသမားဟောင်း ... တင်ဆက်တဲ့ Team Ninja Warrior ရာသီသစ်မှာ American Ninja Worrior က နာမည်ကျော်အားကစားသမားတွေ ပြန်လည်ပါဝင်ထားပါတယ်။ ဒီရာသီမှာ ... အားကစားသမားတွေ ... ယှဉ်ပြိုင်ကြပါတယ်။ အဖွဲ့တစ်ဖွဲ့မှာ အမျိုးသား ၂ ယောက် အမျိုးသမီး ၁ ယောက် ပါဝင်မှာဖြစ်ပြီး ... ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။



## 5 ကာတွန်း The Flintstones & WWE: Stone Age Smackdown
10.8.17(Thu) 9:00 PM



## 5 SERIES ဆယ်ရာနှင့်သူ၏ကိုယ်ပွားများ အတွဲ(၂)
4-8-2017 သောကြာ ၊ စနေ ၊ တနင်္ဂနွေ 9:00 PM



## 4 HD2 The Black Panthers : Vanguard of the Revolution
ဩဂုတ် ၁၀၊ ကြာသပတေးနေ့ ည ၈ နာရီ



၂၀ ရာစုရဲ့ ဆွဲဆောင်မှုအရှိဆုံး အငြင်းပွားဖွယ်အဖြစ်ဆုံး ဘလက်ပန်သာ အဖွဲ့အစည်း (သို့မဟုတ်) ... ၇၀ ခုနှစ်များ အစောပိုင်းလောက်က အမေရိကန်မှာ ... အမေရိကန်-အမေရိကန် အဖွဲ့အစည်း ... ကမ္ဘာကြီးရဲ့ ... ၅၀ နှစ်ပြည့် ... ပါဝင်ထားပါတယ်။

## 5 MOVIES Logan
6-8-2017 (8:10) PM



## 5 SPECIAL Fear The Walking Dead
အသက်ဘေး(အပိုင်း)
5.8.17(Sat, Sun) 8:00 PM






4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ခ်လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

**ကရုဏာစင်တာ (ပရဟိတ)** ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု ပညာဒါန၊ ဇီဝိတဒါန အလှူငွေများ ပါဝင်လှူဒါန်းနိုင်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းဆရာတော် အရှင်တိက္ခ ဦးဆောင်သော ကရုဏာစင်တာ (ပရဟိတ)မှ လူမျိုးဘာသာမရွေး ၂၀၀၇ ခုနှစ်ကစ၍ ပညာ၊ ကျန်းမာ ထောက်ပံ့ စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ပညာသင်နှစ်တွင် ဆင်းရဲနွမ်းပါးသော တက္ကသိုလ်ကျောင်းသား/သူ (၂၆) ယောက်၊ တက္ကသိုလ်ဝင်တန်းကျောင်းသား/သူ (၇၀) ယောက်၊ မူလတန်းကျောင်းသား/သူ (၃၀၀) ယောက်၊ စုစုပေါင်း ကျောင်းသား/သူ (၃၉၆) ယောက်တို့နှင့် တောင်စွန်းတိုက်နယ်ဆေးရုံ ဘီးလင်းပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လှူဒါန်းရေး ငွေကြေး သတ်မှတ်ကာ လစဉ် ထောက်ပံ့စောင့်ရှောက်လျက် ရှိပါသည်။ ပညာရေးပဒေသာပင် တစ်ပင် (၁၀၀၀၀) ကျပ်၊ ဆေးပဒေသာပင် တစ်ပင် (၂၀၀၀၀) ကျပ်စသည်ဖြင့် အချိန်အခါမရွေး ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါသည်။ (၁)ဦးဆောင်ဆရာတော်၊ဖုန်း-၀၉၇၇၇၇၇၀၇၀ ၂၅၊၀၉၄ ၂၈၆ ၆၉၉၉၀ (၂)ကောစာင်း-ပုံနှိပ်တိုက်၊(စိန်ပေါင်မှတ်တိုင်အနီး)ဖုန်း၀၁-၃၉၀၄၄၃၀၊၀၉၄၄၃၀၀၀၀၈၅၂၀ (၃)ကမ္ဘာ့ဝဘက်(ရွှေပုံတိုင်ဘက်ခွဲ)၊ အရှင်တိက္ခ(၀၀၇၃၀၁၀၀၀၇၀ ၂၄၉၀ ၂၀၀) (၄)ကမ္ဘောဇဘဏ်(တောင်စွန်း) အရှင်တိက္ခ (၁၁၀၁ ၂၀၀၀ ၂၆၆၅)ဘဏ်စာရင်းသို့ နီးရာဘဏ်၌ထည့်သွင်း၍ ပါဝင်လှူဒါန်းနိုင်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲ
ASEAN 50 2017
"ASEAN Traditional Dance Competition"
ကျင်းပမည့်နေရာ - အမျိုးသားဇာတ်ရုံ (ရန်ကုန်)
ကျင်းပမည့်နေ့ရက် - ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၇) ရက် (၁၃:၀၀)နာရီ
(မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

တရုတ်
ENGLISH Conversation Practice
Sayar Yang
Great Wall
TAMWE - 540714, 09 5183636
09 420230133

ဆိုင်းဘုတ်အမျိုးမျိုး
သော့ချိတ်အမျိုးမျိုး
အမြန်
Ph : 09-788850880, 09-798459258

ဝန်ထမ်းအလိုရှိသည်
Marketingလျှပ်စစ်ပစ္စည်းကျွမ်းကျင် (၆)ယောက်
စာရေးမ (၂)ယောက်
ဆက်သွယ်ရန်-ဖုန်း-၀၉၉၇၃၀၉၄၈၂၈
၀၉၉၆၆၉၅၅၆
အမှတ်(၁၉၅)(B)ရတနာပုံလမ်း၊
(၁၀၇)ရပ်ကွက်/တောင်ဒဂုံ

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၆)လမ်းရှိမြေညီထပ်မှ
(၆)လွှာအထိတိုက်ခန်းများကို အမြန်ရောင်းမည်။
(B.C.C ၊ မီတာရရှိပြီး)
ဖုန်း။ 09-5002931, 095401011


MBA
BBA . EMBA . PhD
- Master of Business Administration
- 18 Months (5 Semesters)
- 11 Subjects + 1 Project Paper
- Weekend Classes (Once in every 6 weeks Only)
- Awarded by Asia e University, Malaysia, recognized by 35 ACD Countries
- Education Loan from CB BANK Available
START YOUR MBA JOURNEY TODAY FROM AS LOW AS MMK300,000!
09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

ဦးနှင်းဦး(ထာဝယ်)
ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
Manual/Auto


အိမ့်ချစ်
2017, AUGUST
မေမြတ်နိုး
ထွက်ပြီ

STANDARD
your affordable quality
SG Eco laminate floor
New Designs

8 mm- ၁ ကျင်း
76,000 Ks
→ Showroom :
☎ 01-8619598
Hotline: 09 4555 444 30, 09 4555 444 03

နေမကောင်းလျှင်
ရွှေနှင်းဆီ
အမှတ်တံဆိပ်
TMR-002348(1016)
ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ

လူကြီးမင်း
CELL PHONE VILLA
နာမည်အကြီးဆုံး Brand တွေရဲ့ တန်ဖိုးအကြီးဆုံး
Handset များကို အပတ်စဉ် ကံထူးနိုင်မည့် အခွင့်အရေး
July 1 → August 31
(၂)လဆက်တိုက်
HOTLINE NUMBER : 09 4533 44800

SNN ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် SNN
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2017 မှ 31.8.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို ဘောဆိုးရွှေအလေး (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၁၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂ ၅၂၃၈၀၈
PH: ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၇၂၀၀၀၀၂




### မိခင်အမည်မှန်

ရေဖြူမြို့နယ်၊ ကေနိကျေးရွာအုပ်စု၊ ဝဇ္ဇမ်းတောရွာနေ အထက(ခွဲ)ကေနိ၊ နဝမတန်းမှ မောင်ဇော်ပိုင်ဖြိုး၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်နွဲ့နွဲ့ဝင်း [၆/သရခ(နိုင်) ၀၅၇၈၆၄] ဖြစ်ပါကြောင်း။

**ဒေါ်နွဲ့နွဲ့ဝင်း**

### မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အထက(၅)နောက်လယ်၊ နဝမတန်း(D)မှ အဖ ဦးသန်းရှိန်၏သား မောင်စိုင်းကိုကိုထွေး၏မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းမှတ်ပုံတင်အရ ၁၀-၁၀-၂၀၀၂ခုနှစ် ဖြစ်ပါကြောင်း။

**၁၀-၁၀-၂၀၀၂**

### ဖခင်အမည်မှန်

ရေဖြူမြို့နယ်၊ ကေနိကျေးရွာအုပ်စု၊ ဝဇ္ဇမ်းတောရွာနေ အထက(ခွဲ)ကေနိ၊ နဝမတန်းမှ မောင်ခင်မောင်ဝင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးပေါ်သန်း[၆/ရဖန(နိုင်)၀၉၈၁၃၃] ဖြစ်ပါ ကြောင်း။

**ဦးပေါ်သန်း**

### မိခင်အမည်မှန်

ရေဖြူမြို့နယ်၊ ကေနိကျေးရွာနေ အုပ်စု၊ ဝဇ္ဇမ်းတောရွာနေ၊ အထက(ခွဲ) ကေနိ သတ္တမတန်းမှ မောင်သော်သော်ဦး၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်ကျင်လှ[၆/ရဖန(နိုင်) ၀၉၈၁၂၉]ဖြစ်ပါကြောင်း။

**ဒေါ်ကျင်လှ**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့နယ်၊ ကိုးပင် အခြေခံပညာအထက်တန်းကျောင်း အဌမတန်းမှ မောင်ဝေဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြတ်စိုး[၁၂/အစန(နိုင်) ၂၁၂၂၃၉]ဖြစ်ပါကြောင်း။

**ဦးမြတ်စိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့နယ်၊ ကွန်ပလိုင်းရွာသစ်ကျေးရွာအုပ်စု၊ ဒလကျေးရွာနေ ဦးတင်ဌေး၏သား ဦးပူစူးနှင့် ဦးစန်းဝေ [၁၄/ကလန(နိုင်)၀၅၁၈၉၅]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပူစူး(ခ)ဦးစန်းဝေ**

ခရိုဖြို့ဒသစ်ရှိ မြေကွက်များ ဝယ်လိုသည်။ 43091527

### ဖခင်အမည်မှန်

သုံးခွမြို့၊ မြို့မအထက(ခွဲ)ဒသမတန်းမှ မောင်မျိုးသူရကျော်၏ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း[၁၂/သခန(နိုင်)၀၇၈၃၆၇]ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**

### ဖခင်အမည်မှန်

သုံးခွမြို့၊ မြို့မ၊ အထက(ခွဲ)ဒသမတန်းမှ မောင်စိုင်းအိုဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး[၁၂/သခန(နိုင်)၁၃၀၃၇၃]ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဦး**









## အောင်ချမ်းသာဗုဒ္ဓ ဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ် ဘုရားဖူး ရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၇ ခုနှစ် ဇက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ "အောင်ချမ်းသာမှ သင့်အားပြည့်ဝစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ တစ်ပတ်ခြားဗုဒ္ဓဟူးနေ့တိုင်း ထွက်ခွာရန် စီစဉ်ထားရှိပါသည်။ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ လေယာဉ်ဖြင့် တိုက်ရိုက်သွားပြီး ဘုရားဖူးပြီးက ဗုဒ္ဓဂယာမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်လာသည့် (၁၁)ညအိပ် (၁၂)ရက်ခရီး ဖြစ်ပါသည်။

ကမ္ဘာကျော်ဘုရားဖူးခရီးစဉ်များကို တစ်လျှောက်လုံး ဘုရားဖူးများ စိတ်ချမ်းသာစွာ သာသနာပြုနိုင်ခဲ့ကြောင်း တခွဲခွဲပေးပို့လာသည့် ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန် အဆိုပြုထားသည့် ဘုရားဖူးများ၊ ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသော မွေမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။ ထွက်ခွာမည့် ခရီးစဉ်များမှာ -

(၁) ၂၇-၉-၂၀၁၇ (၄) ၈-၁၁-၂၀၁၇ (၇) ၂၀-၁၂-၂၀၁၇ (၁၀) ၃၁-၁-၂၀၁၈ (၁၃) ၁၄-၃-၂၀၁၈
(၂) ၁၁-၁၀-၂၀၁၇ (၅) ၂၂-၁၁-၂၀၁၇ (၈) ၃-၁-၂၀၁၈ (၁၁) ၁၄-၂-၂၀၁၈ (၁၄) ၂၈-၃-၂၀၁၈
(၃) ၂၅-၁၀-၂၀၁၇ (၆) ၆-၁၂-၂၀၁၇ (၉) ၁၇-၁-၂၀၁၈ (၁၂) ၂၈-၂-၂၀၁၈ (၁၅) ၁၁-၄-၂၀၁၈(သင်္ကြန်ခရီးစဉ်)

အထက်ပါခရီးစဉ်များ ပြောင်းလဲခြင်းမရှိပါ။ မိမိသွားလိုသော ခရီးစဉ်များကို ရွေးချယ်၍ Power Palace Hotel အမှတ်-၁၈၆ ပြည်သာယာလမ်း ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၇၁၈၊ ၀၁-၅၅၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၁၃၁၊ ၀၉-၅၁၂၈၆၂၁ သို့ အမြန်ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။

ဆေဝင်ဗြာဇိုင်



## သစ္စာခိုင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၂၀၁၇-၂၀၁၈) လိုင်စင်အမှတ် (မဘ-၀၂၂၈)

ဗုဒ္ဓဂယာ၊ Taj Mahal၊ နယူးဒေလီ (နေရာစုံ)

ဝရိုက်ကြေး 950 USD

(၁၀ ဦးလိုက် ၁ ဦးအခမဲ့)

(ဥာဏပဓာနမပါ - ကန့်သတ်စည်းကမ်းဖြင့်)

(၁၅) ရက် ခရီးစဉ် ထွက်ခွာမည့် ရက်များ

- 01 Oct 2017
- 15 Nov 2017
- 03 Dec 2017
- 07 Jan 2018
- 04 Feb 2018
- 11 Mar 2018
- 11 Apr 2018

(၈-ရက် သင်္ကြန်ခရီးစဉ်)

အမှတ်(၄)၊ ဒုတိယထပ်၊ ဘဟသုန္ဒရီဓာတ်လမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09 43157439 , 09 96 5009943 , 09 777075919, 09 261624600



DADDY (ဒယ်ဒီ) ခရီးသွားလုပ်ငန်း

မုမ္မိုး၊ မုက်ငံ၊ မေကြည်

(၃)ရက် 39000/- ကျပ်

(Aug 11,18,25) ထွက်မည်

09 448001903, 09 440334848



ပွဲတော်အုပ်

ဆန်ဆိုင်

☎ 01512443, 0973017656, 095055374



Red dot Pay

အွန်လိုင်းဂိမ်းငွေကြေး၊ သီချင်း၊ ဗီဒီယိုနှင့် သတင်းစုံကို Red dot Pay PIN နဲ့ ဝယ်လိုက်ပါ



## INTERNATIONAL EDUCATION EXHIBITION 2017

ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများ ပါဝင်ပြသမည့် နိုင်ငံတကာပညာရေးပြပွဲကြီး

FREE Career Consultation
Door Gifts + Lucky Draw
Study Grants + Scholarships
Instant FREE Applications

နေ့လယ် (၁) နာရီမှ ညနေ (၅) နာရီ

EUREKA ROOM, NOVOTEL HOTEL

Saturday 12 AUGUST



အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများ၊ IGCSE / GCE O'Level / SAT / IB စသည့် အောင်မြင်ပြီးသူများ၊ နိုင်ငံတကာသင်ရိုးသင် ပြင်ပကျောင်းများမှ Grade 11 နှင့် 12 အောင်မြင်ပြီးသူများ အနေဖြင့် နိုင်ငံကြီး (၆) ခုမှ ထိပ်တန်း တက္ကသိုလ်ကြီး (၇၀) ကျော်အား တိုက်ရိုက် ကိုယ်စားပြုသည့် ပညာရေး အဖွဲ့အစည်းကြီးများ၏ ပညာရေး ဆွေးနွေး အကြံပေးမှု ရယူပြီး နှစ်သက်ရာ ကျောင်းနှင့် ဘာသာရပ်များကို ရွေးချယ်လျှောက်ထားနိုင်မည် ဖြစ်သည်။

တိုက်ရိုက်ကျောင်းလျှောက်ထားနိုင်ရန် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ...
(ဖုန်း) ၀၁ ၅၂၁၁၂၅ ၊ ၀၉ ၇၉၉ ၅၉ ၅၉ ၄၉ ၊ ၀၉ ၇၇၇ ၂၂၃ ၂၂၅

ပြပွဲတွင် ပါဝင်မည့် တက္ကသိုလ်ကြီးများ၊ တက်ရောက်နိုင်မည့် ဘာသာရပ်များကို လေ့လာလိုပါက ...
facebook.com/eduGlobalVillage

AT&S International Education Services



ဆေးသုတ်မယ်ကိုရှင်

Ph:09 73063683
09 795809414



တာဝတိံသာ

09-32152526
09-421024222
09-31483218
09-49344288



## VICTORIA UNIVERSITY COLLEGE

Partnership with UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။

မိဘများ၏ မေတ္တာရပ်ခံချက်အရ September တန်းခွဲအသစ်ကို ထပ်မံဖွင့်လှစ်ရန် စတင်လက်ခံပေးနေပါပြီ။

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ x ၇၈) ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ် အမျိုးသားရေးတာဝန်ကို ကိုယ်စားပြုလျက် ပြိုင်ပွဲတိုင်းတွင် အောင်လံလွှင့်ထူနိုင်ရန် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၄**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား လမ်းညွှန်အမှာစကားပြောကြားခြင်းနှင့် အောင်နိုင်ရေးအလံပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားပြီး မြန်မာအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ အောင်နိုင်ရေးအလံပေးအပ်သည်။

ရှေးဦးစွာ(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား မောင်မယ်များက ဂါရဝပြုမိတ်ဆက်ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတက ယခုအချိန်တွင် အားကစားသမား မောင်မယ်အားလုံးသည် ပြိုင်ပွဲတွင် အစွမ်းကုန်ထုတ်သုံးနိုင်ရန် ကာယပိုင်း၊ စိတ်ဓာတ်ပိုင်းပါ အဆင့်အမြင့်ဆုံးအခြေအနေကို ရောက်ရှိနေကြရမည် ဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

❝ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အားကစားနည်း ၃၈ မျိုးတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၉ မျိုး(ကစားသမား ၅၉၀ ခန့်) ဝင်ရောက်ယှဉ်ပြိုင်မည်··· ❞



■ ခင်းကျင်းပြသထားသည့် ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစဉ်။

# ကုန်သေတ္တာတင်ရထား စတင်ပြေးဆွဲ




**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံအတွင်းရှိ ကုန်ပစ္စည်းတင်ခရီးသည်များ အဆင်ပြေစေရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် Dry Port လုပ်ငန်းကိုအောင်မြင်ခဲ့သည့် Kerry Resource Transport Limited (KRTL) တို့မှ အကျိုးတူပူးပေါင်း၍ ကွန်တိန်နာရထား စတင်ပြေးဆွဲခြင်းကို စီစဉ်ဆောင်ရွက်လိုက်ပြီဖြစ်ရာ ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဝါးတန်းကုန်ရုံမှ Regular Service အနေဖြင့် ကွန်တိန်နာရထားတွဲဆိုင်းအား ပထမဆုံးစတင်ပြေးဆွဲလိုက်ပြီဖြစ်သည်။

အဆိုပါ ကွန်တိန်နာ ၁၁ တွဲပါဝင်သည့် ကွန်တိန်နာရထားတွဲဆိုင်းမှာ ရန်ကုန်မြို့ ဝါးတန်းကုန်ရုံမှ ပုလိပ်မြို့ ကုန်ချကွင်းထိ ပြေးဆွဲမည်ဖြစ်သည်။ ပြေးဆွဲမည့် ခရီးစဉ်အရ ရန်ကုန်မြို့

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❋**

# ဆီးဂိမ်းယှဉ်ပြိုင်မည့် ဖူဆယ်အသင်း အုပ်စုပွဲစဉ်များ ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၄**

မလေးရှားနိုင်ငံ၌ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းသည် အဖွင့်ပွဲအဖြစ် အိမ်ရှင်မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၇ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသားအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၁၈ ရက်တွင် မလေးရှား၊ ဩဂုတ် ၂၂ ရက်တွင် ဗီယက်နမ်၊ ဩဂုတ် ၂၅ ရက်တွင် ထိုင်း၊ ဩဂုတ် ၂၇ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာမူ ဩဂုတ် ၁၈ ရက်တွင် အိမ်ရှင်မလေးရှားအသင်း၊ ဩဂုတ် ၂၀ ရက်တွင် ထိုင်းအသင်း၊ ဩဂုတ် ၂၂ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၂၅ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်သင်းစလုံး ဆုတံဆိပ်ရယူနိုင်ရန် မျှော်မှန်းထားသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**

